ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့၊ (20-3-2005) (၄၅၄၃)

လုပ်ငန်းများ လှည့်လည် ကြည့်ရှုစစ်ဆေး

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ (ပွင့်ဖြူ) ဖွင့်ပွဲအခမ်းအနားတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စက်ရုံအတွင်း လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အစဉ်အလာကောင်းများနဲ့ ပြည့်စုံသောတပ်မတော်

ဒီတပ်မတော်ဟာ နိုင်ငံတော်ရဲ့သမိုင်းက တောင်းဆိုလို့ ပေါ်ပေါက်လာရတဲ့ တပ်မတော်ဖြစ်တယ်။ သာမန်ဖွဲ့စည်းပြီး တည်ထောင်ထားတဲ့တပ်မတော်မျိုးမဟုတ်ဘူး။ နိုင်ငံတော်ရဲ့ သမိုင်းအမွေကို ဆက်ခံခဲ့တဲ့တပ်မတော်ဟာ အစဉ်အလာကောင်းတွေနဲ့ ပြည့်စုံတယ်ဆိုတာ ရဲဘော်တို့ကို ပြောကြားလိုတယ်။ လွတ်လပ်ရေး ကြိုးပမ်းမှုကာလကနေ ယခုကာလအထိ ကိုယ်ကျိုးအတွက် မမျှော်ကိုးခဲ့ဘဲ ဒီနိုင်ငံ၊ ဒီလူမျိုးအတွက် အလုပ်အကျွေးပြုမယ်ဆိုတဲ့ မျိုးချစ်စိတ်ဓာတ်အရ တပ်ထဲဝင်လာခဲ့ကြတာဖြစ်တယ်။

ဒါ့ကြောင့် ဒီတပ်မတော်ဟာ မျိုးချစ်တပ်မတော်ဖြစ်တယ်ဆိုတဲ့ အစဉ်အလာကောင်းနဲ့ ပြည့်စုံညီညွတ်တာ ထင်ရှားနေတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၃)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

အမှတ်(၁)စက်မှုဝန်ကြီးဌာန ပွင့်ဖြူချည်မျှင်နှင့်အထည်စက်ရုံ ဖွင့်ပွဲအခမ်းအနားကျင်းပ

အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ထွက်လာပြီး ခေတ်မီနည်းပညာကျွမ်းကျင်မှု တိုးတက်လာမည်

ခေတ်မီစက်ရုံကြီး ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း၊ ဝါကုန်ကြမ်း တိုးချဲ့စိုက်ပျိုးထုတ်လုပ်

ရန်ကုန် မတ် ၁၉

မကွေးတိုင်း ပွင့်ဖြူမြို့နယ် လယ်ကိုင်း–ပွင့်ဖြူ ကားလမ်းဘေး ပွင့်ဖြူမြို့မှ နှစ်မိုင်ခန့်အကွာ ကန်သာကြီးကျေးရွာအနီး၌ တည်ဆောက်ပြီးစီးသွားသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ချည်မျှင်နှင့်အထည်စက်ရုံ (ပွင့်ဖြူ) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီခွဲတွင် အဆိုပါစက်ရုံ၌ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ချည်မျှင်နှင့်အထည်စက်ရုံ (ပွင့်ဖြူ) ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မကွေးတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Committee of Commerce Tianjin နှင့် Tianjin Machinery Import & Export Corporation တို့မှ တာဝန်ရှိသူများ၊ မင်းဘူးခရိုင်နှင့် မင်းဘူး၊ ပွင့်ဖြူမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ)မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်ရုံအဝင်မုခ်ဦး၌ ဖွင့်ပွဲအစီအစဉ်များကို စတင်ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးကိုကိုဇော်တို့က ဖဲကြိုးဖြတ်၍ စက်ရုံကို ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၀-၃-၂၀၀၅
(တနင်္ဂနွေနေ့)

နိုင်ငံတော်၏ လိုအပ်ချက်များနှင့်အညီ အရည်အသွေးမီ စက်ပစ္စည်းများ ကြိုးပမ်းထုတ်လုပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်း ခိုင်မာရေးကို အလေးထားသည်နှင့်အညီ အမျိုးသားရေးစွမ်းအားစုများ၊ နိုင်ငံတော်၏ သယံဇာတ အရင်းအမြစ်များ၏ စွမ်းအားကို စုစည်းရယူပြီး နိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်ရာတွင် ပဓာနကျသည့် စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စက်ရုံအလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ အခြေအနေပေးသော နယ်မြေဒေသများတွင် စက်မှုဇုန်များ တည်ထောင်ပေးခြင်းတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များ လိုက်ပါလျက် မတ်လ ၁၈ရက်က ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အင်းတကော် စက်မှုနယ်မြေရှိ စက်ရုံနှင့် အလုပ်ရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ **စက်ပစ္စည်းများကို ထုတ်လုပ်ရာ၌ မိမိတို့၏ လိုအပ်ချက်နှင့် နိုင်ငံတော် တစ်ရပ်လုံး၏ လိုအပ်ချက်များကို လက်တွေ့ကျကျ မှန်မှန်ကန်ကန် လေ့လာဆန်းစစ်တွက်ချက်ပြီး မည်ကဲ့သို့ စက်ပစ္စည်းအမယ်သစ်(အမည်သစ်)များကို မည်ကဲ့သို့ တိုးချဲ့ထုတ်လုပ်မည်၊ အမယ်ဟောင်းများကိုလည်း အရည်အသွေး ပိုမိုကောင်းမွန်အောင် မည်သည့်အစိတ်အပိုင်းကို ပြုပြင်သွားပြီး မည်သည့် စက်ပစ္စည်းအပိုင်းကို ထပ်ထည့်မည်တို့ကို အသေးစိတ်စီမံချက်ချ လုပ်ကိုင်သွားကြရန်လိုကြောင်း၊ သို့မှသာ စက်ပစ္စည်း အမယ်သစ် (အမည်သစ်)များရော အမယ်ဟောင်းများကိုပါ အရည်အသွေး အဆင့်အတန်းရှိရှိ လိုအပ်သည့် အရေအတွက်အတိုင်း ထုတ်လုပ်သွားနိုင်မှာ ဖြစ်ကြောင်း** လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်ကို ခေတ်မီစက်မှုနိုင်ငံတော်အဖြစ် ထူထောင်ရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် အကြီးစား စက်မှုလုပ်ငန်းများကို အဓိကတာဝန်ယူ လုပ်ကိုင်လျက်ရှိသည်။ အမှတ်(၂)စက်မှုဝန်ကြီးဌာန အနေဖြင့် မူလတည်ဆောက် ထုတ်လုပ်လျက်ရှိသည့် စက်ရုံ၊ အလုပ်ရုံများအပြင် ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော်စက်မှုနယ်မြေ၌ စက်ရုံ၊ အလုပ်ရုံ သစ်များကို တိုးချဲ့တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစ၍ စက်ရုံ ၁၉ ရုံ တိုးချဲ့ထူထောင်နိုင်ခဲ့ပြီး အကြီးစားမော်တော်ယာဉ်၊ ဂျစ်ကား၊ လယ်ထွန်စက်၊ နောက်တွဲယာဉ်၊ လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ စက်ကိရိယာ အမျိုးမျိုး၊ တာယာအမျိုးမျိုးနှင့် အိမ်သုံး လျှပ်စစ်ပစ္စည်းများကို နှစ်အလိုက် တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ အင်းတကော် စက်မှုနယ်မြေတွင် သံဘီးခွေစက်ရုံ၊ ရေဒီယေတာစက်ရုံ၊ သတ္တုဘယ်ယာရင်စက်ရုံ၊ လက်တွန်းထွန်စက် အင်ဂျင်စက်ရုံ၊ အင်လက်နှင့် အိပ်ဇောဘားစက်ရုံ၊ သံရည်ကျိုစက်ရုံ၊ ဘောဘယ်ယာရင်စက်ရုံနှင့် အလူမီနီယမ်ဝါယာကြိုးစက်ရုံတို့ကို တည်ဆောက်လုပ်ကိုင်လျက်ရှိသည်။

စက်ပစ္စည်းများ ထုတ်လုပ်ရာတွင် ပုံသဏ္ဌာန်နှင့်အရည်အသွေး အရပါ အစဉ်အမြဲ တိုးတက်ကောင်းမွန်နေစေရေး သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်နေကြရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်ရေးအတွက် သုံးစွဲသူများ စိတ်ကြိုက်ဖြစ်ရေး၊ အသုံးတည့်ထိရောက်သည့် စက်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး အလေးထား သုတေသနပြု လုပ်ကိုင်သွားကြရမည်ဖြစ်သည်။

ထို့အပြင် ဌာနတစ်ခုနှင့်တစ်ခု လုပ်ငန်းပိုင်း၊ ပစ္စည်းပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုများ အချိတ်အဆက်မိမိ လုပ်ကိုင် ဆောင်ရွက်ကြခြင်းဖြင့် စက်ရုံအလိုက်၊ လုပ်ငန်းအလိုက် ကျွမ်းကျင်ပိုင်နိုင်သော စက်ပစ္စည်းများကို အပြန်အလှန် အထောက်အကူပြု ထုတ်လုပ်ပေးသွားနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ခေတ်မီစက်ရုံ၊ အလုပ်ရုံသစ်များစွာကို ရင်းနှီးမြှုပ်နှံ ထူထောင်လျက်ရှိသည့်ကာလတွင် စက်ပစ္စည်းများကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အရည်အသွေး အဆင့်အတန်းရှိရှိ ထုတ်လုပ်နိုင်ရေး အတွက် သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံများအလိုက် ခွဲ၊ လုံ့လ၊ ဝီရိယ စွမ်းအားဖြင့် ကြိုးပမ်းထုတ်လုပ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။
၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။
၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။
၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

အမေရိကန်နှင့် အပေါင်းပါနိုင်ငံများ လူ့အခွင့်အရေးချိုးဖောက် ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ရှုတ်ချ

ဂျီနီဗာ မတ် ၁၈

ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဖိလစ်ပီရက်ရက အမေရိကန်ပြည်ထောင်စုနှင့် အပေါင်းပါနိုင်ငံများ၏ လူ့အခွင့်အရေး ဖောက်ဖျက်မှုများကို ဂျီနီဗာမြို့တွင် ဗုဒ္ဓဟူးနေ့က ရှုတ်ချပြောကြားလိုက်သည်။

အမေရိကန်အစိုးရက ဂွာတာနာမိုရေတပ် အခြေစိုက်စခန်းရှိ အကျဉ်းစခန်းနှင့် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အပြင်ဘက်ရှိ အဘူဂါရိုပ် အကျဉ်းထောင်များတွင် လူ့အခွင့်အရေးများကို ပြောင်ပြောင်တင်းတင်း အခိုင်အမာ စနစ်တကျ ချိုးဖောက်လျက်ရှိနေကြောင်း ဂျီနီဗာတွင် ကျင်းပသည့် (၆၁)ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် အစည်းအဝေးတွင် ဖိလစ်ပီရက်ရက ရှုတ်ချ ပြောကြားခဲ့သည်။

လူ့အခွင့်အရေးများ ရရှိခံစားရမှု အာမခံချက်သည် ယနေ့အချိန်အခါတွင် ဖွံ့ဖြိုးပြီး နိုင်ငံတစ်နိုင်ငံတွင် နေထိုင်မှုရှိ၊ မရှိအပေါ် အခြေခံလျက်ရှိကြောင်း ၎င်းကပြောကြားသည်။

အမေရိကန်နှင့် ယင်း၏အခြားသော ဖွံ့ဖြိုးပြီးသည့် အပေါင်းပါနိုင်ငံများ၏ ငြိမ်းချမ်းရေးသည် ယင်းတို့၏ စစ်ဘက်ဆိုင်ရာ စွမ်းပကားအပေါ် တည်မှီနေပြီး ယင်းနိုင်ငံများအနေဖြင့် တိုက်ခိုက်မည့်သူများသာ အစဉ်အားဖြင့်နိုင်ပြီး အတိုက်ခံရသည့် နိုင်ငံများအဖြစ် မည်သည့်အချိန်မျှ မရောက်ရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။

သို့ရာတွင် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသည့် နိုင်ငံများအနေဖြင့် အကြမ်းဖက်သမားဟု စွပ်စွဲခံရပြီး ရက်ရက်စက်စက် အုပ်စိုးရာဒေသဟု အကြောင်းပြကာ အတိုက်ခိုက်ခံရမည့်အခြေသို့ ဆိုက်ရောက်လျက်ရှိနေကြောင်း၊ တစ်ချိန်တည်းတွင် တတိယကမ္ဘာမှ နိုင်ငံ ၁၃၀ ကျော်တို့အနေဖြင့် ဖွံ့ဖြိုးရေးကိစ္စများတွင်ပါနိုင်ရန် အခွင့်အရေးလုံးဝမရှိနိုင်ကြောင်း ရကဆက်လက်ပြောကြားသည်။

အမေရိကန်နှင့် အပေါင်းပါနိုင်ငံများသည် ကုလသမဂ္ဂအဖွဲ့ကြီးအား ကိုယ်ပိုင်ပစ္စည်းသဖွယ် အသုံးပြုကာ ယင်းတို့၏ ကိုလိုနီလက်သစ် စိုးမိုးမှု မဟာဗျူဟာအား တက်ကြွစွာဆန့်ကျင်နေသူများနှင့် ကမ္ဘာ့တောင်ခြမ်းဒေသမှနိုင်ငံများအား ရှုတ်ချရန်အတွက် စစ်ကြောရေးခုံရုံးအဖြစ် ပြောင်းလဲခဲ့ကြကြောင်း ရက စွပ်စွဲပြောကြားသည်။

လူ့အခွင့်အရေး ကော်မရှင်တွင် မှုတမှုသည် ဆိတ်သုဉ်း ပျောက်ကွယ်ခဲ့ရပြီဖြစ်ကြောင်း၊ ယင်းသို့ ဖြစ်ရသည်မှာ ယုံကြည်နိုင်စရာပင်မရှိကြောင်း၊ ယင်းအဖွဲ့က အင်အားကြီးမှုကို အရေးယူဒဏ်ခတ်မှုမရှိဘဲ လွှတ်ပေးထားကြောင်း စသည်ဖြင့် ကျူးဘားနိုင်ငံခြားရေး ဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟောင်ကောင်သို့ ကမ္ဘာလှည့်ခရီးသည်လာရောက်မှု ၂၀၀၄ ခုနှစ်တွင် စံချိန်တင်မြင့်တက်

ဟောင်ကောင် မတ် ၁၇

တရုတ်နိုင်ငံ၏ အထူးအုပ်ချုပ်ခွင့်ရဒေသ ဟောင်ကောင်၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ၂၀၀၄ ခုနှစ်တွင် အထူးတိုးတက်လာကြောင်း၊ ဟောင်ကောင်သို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုမှာ ၂၁ ဒသမ ၈၁ သန်းအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ဟောင်ကောင်ဘဏ္ဍာရေးဝန်ကြီး ဟင်နရီတန်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဟောင်ကောင်သို့ ကမ္ဘာလှည့်ခရီးသည် အလည်အပတ်လာရောက်မှု တိုးတက်လာခြင်းကြောင့် စားသောက်ကုန်လုပ်ငန်း၊ လက်လီရောင်းချသည့် ဈေးဆိုင်လုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းများကဲ့သို့သော ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့်လုပ်ငန်းများတွင် အားရဖွယ်ရာကောင်းလောက်အောင် တိုးတက်မှုရှိကြောင်း ၂၀၀၅-၂၀၀၆ နှစ် ရသုံးမှန်းခြေငွေစာရင်းကို ဥပဒေပြုကောင်စီထံ တင်သွင်းရာ၌ ဟင်နရီတန်က ပြောကြားသည်။

၂၀၀၄ ခုနှစ်တွင် တရုတ်ပြည်မကြီးမှ ဟောင်ကောင်ကျွန်းသို့ အလည်အပတ်လာရောက်မှု ၄ ဒသမ ၂၆ သန်းရှိခဲ့ကြောင်း၊ ကမ္ဘာ့အခြားနိုင်ငံများမှ ဟောင်ကောင်သို့ အလည်အပတ်လာရောက်မှုမှာလည်း ၈ ရာခိုင်နှုန်း ပိုမိုမြင့်မားတိုးတက်လာရာ ၂၀၀၂ ခုနှစ် ကမ္ဘာလှည့်ခရီးသည် လာရောက်မှုစံချိန်ကို ချိုးနိုင်ကြောင်း တန်က ပြောကြားသည်။

ယခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများအတွက် ပိုမို၍ပင် တိုးတက်မှုများရှိလာနိုင်သည်ဟု မိမိမျှော်လင့်ကြောင်း၊ လာမည့်စက်တင်ဘာလတွင် ဖွင့်လှစ်မည့် ဒစ္စနေးလန်း အပန်းဖြေစရာနေရာသည်ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာရှ-အာဖရိက ထိပ်သီးညီလာခံအတွက် အင်ဒိုနီးရှားနိုင်ငံ ပြင်ဆင်နေ

ဂျကာတာ မတ် ၁၈

လာမည့် ဧပြီလတွင် အင်ဒိုနီးရှားနိုင်ငံ၌ အာရှ-အာဖရိက ထိပ်သီးညီလာခံတစ်ရပ် ကျင်းပနိုင်ရန် အင်ဒိုနီးရှားအစိုးရက လုံးပန်းလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက မတ် ၁၅ ရက်တွင် ပြောကြားသည်။

အတည်ပြု

အင်ဒိုနီးရှား အစိုးရသည် နိုင်ငံပေါင်း ၁၀၅ နိုင်ငံတို့သို့ ဖိတ်ကြားစာများ ပေးပို့ထားသည့်အနက် နိုင်ငံ ၄၅ နိုင်ငံတို့က အစည်းအဝေး တက်ရောက်မည်ဖြစ်ကြောင်း အတည်ပြုပြန်ကြားခဲ့ကြကြောင်း သိရသည်။

ယခု အစည်းအဝေးမှာ ၁၉၅၅ ခုနှစ်က အင်ဒိုနီးရှားတွင် အောင်မြင်စွာ ကျင်းပခဲ့သော အာရှ-အာဖရိကထိပ်သီး အစည်းအဝေး နှစ် (၅၀) ပြည့်မြောက်သည့် ရွှေရတုသဘင် အခမ်းအနားအဖြစ် ကျင်းပခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာဖရိကရေးရာဌာန ညွှန်ကြားရေးမှူး ဘာလီမိုနီအဂါက ပြောကြားသည်။

ဧပြီလ ၂၃ ရက်မှ ၂၄ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည့် အာရှ-အာဖရိက ထိပ်သီးအစည်းအဝေးသို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်လည်း တက်ရောက်မည်ဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

သံမဏိကုမ္ပဏီနှစ်ခု ပူးပေါင်းဖွဲ့စည်းမည်

ပေကျင်း မတ် ၁၈

တရုတ်ပြည် သံမဏိကုမ္ပဏီကြီး တစ်ခုဖြစ်သော အင်ရှန်သံနှင့် သံမဏိအုပ်စုက မကြာမီကာလအတွင်း အခြားသော သံမဏိကုမ္ပဏီကြီးတစ်ခုနှင့် ပူးပေါင်းတော့မည်ဖြစ်ကြောင်းအထွေထွေမန်နေဂျာ လျူကျည်က စနေနေ့တွင် ပြောကြားသည်။

အင်ရှန်သံနှင့် သံမဏိအုပ်စုနှင့် ကင်ဆီသံမဏိကုမ္ပဏီတို့သည် တရုတ်ပြည်အရှေ့မြောက်ပိုင်း လျောင်နင်ပြည်နယ်တွင် တည်ရှိသည်။

ယင်းကုမ္ပဏီနှစ်ခုပေါင်းလိုက်ခြင်းဖြင့် နှစ်စဉ် သံမဏိတန်ချိန်သန်း ၂၀ကျော် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်

ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာအသုံးချမှုစွမ်းရည်ပြိုင်

ရန်ကုန် မတ် ၁၉

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာ ပန်းချီနှင့် ကွန်ပျူတာအသုံးချမှုစွမ်းရည်ပြိုင်ပွဲ (အခြေခံပညာအထက်တန်းနှင့်အလယ်တန်းအဆင့်) ပြိုင်ပွဲများကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန် ကွန်ပျူတာ တက္ကသိုလ်၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲသို့ နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာ ကျောင်းများ၊ စာပေအနုပညာပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ အတွင်းရေးမှူး အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ ကော်မတီဝင်များဖြစ်ကြသော ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲနှင့် ကွန်ပျူတာ အသုံးချမှုစွမ်းရည် ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန် ကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ပိုက်တင်နှင့်ကော်မတီဝင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်၊ အကဲဖြတ်စိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ကွန်ပျူတာစက်နှင့် သုတေသနဌာန ဌာနမှူး ဦးမြသိန်းနှင့် ကော်မတီဝင်များက ပြိုင်ပွဲဝင်ပြည်နယ်နှင့် တိုင်းများမှ အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့်တို့မှ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ ၃၄ဦးတို့၏ ပြိုင်ပွဲဝင် အခြေအနေများကိုကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်

ရှေးဦးစွာ ရန်ကုန် ကွန်ပျူတာ တက္ကသိုလ် ကွန်ပျူတာစက်နှင့် သုတေသနဌာန ဌာနမှူးဦးမြသိန်းက ပြိုင်ပွဲ စည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခြေခံပညာ အထက်တန်းအဆင့်တွင် “မြို့ပြကျေးလက် တိုးတက်ဖို့ တပ်နှင့်ပြည်သူကြိုးပမ်းစို့” ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့်တွင် “နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ တပ်နှင့်ပြည်သူ လက်တွဲစို့” ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

ကြည့်ရှု အားပေး

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့်ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာအသုံးချစွမ်းရည်ပြိုင်ပွဲ (အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့်) ပြိုင်ပွဲ၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများ စာပေအနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ကော်မတီဝင်များ ပြိုင်ပွဲဝင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့်တပ်မတော်နေ့အကြိုဂုဏ်ပြုကဗျာ

ပြည်သူထဲက တပ်မတော်

* မန်ကျည်းရွက်နုပ်၊ လက်တစ်ဆုပ်ကို
ရုတ်ခြည်းမြေခ၊ ကြိုပက်ချ၍
ဦးဖွဖန်ဆင်း၊ သိကြားမင်းကြောင့်
ချက်ချင်းရောက်ကာ၊ ပေါက်ဖွားလာသို့
ငါတို့၏တပ်မတော်၊ ထွန်းပေါ်ခဲ့သည်မဟုတ်။

* နတ်တို့ဖန်ဆင်း၊ ရေကန်တွင်းသို့
သက်ဆင်းသည့်သွင်၊ ထိုပုံပြင်နှယ်
အရှင်မွေးပြီး၊ နေ့ချင်းကြီး၍
ထီးတည်းရောက်ကာ၊ ပေါက်ဖွားလာသို့
ငါတို့၏တပ်မတော်၊ ထွန်းပေါ်ခဲ့သည်မဟုတ်။

* ကိုလိုနီခေတ်၊ ကျွန်အဖြစ်ဖြင့်
နှံ့နစ်မှေးမှိန်၊ သေးသိမ်နိမ့်ကျ
မြေခဦးကျိုး၊ ဘဝမျိုးမှ
ဒို့ဘိုး ဒို့ဘွား၊ ပြည်ချစ်သားတို့
ကျားကုတ်ကျားခဲ၊ မဆုတ်ဖွဲ့ဖြင့်
ရဲသွေးနီမှု၊ ညီညွတ်မှုကြောင့်
ပြည်သူ့ကြားမှာ၊ ပေါက်ဖွားလာသည်
ငါတို့ဗမာ လွတ်လပ်ရေး တပ်မတော်။

* အရေးကြီးက၊ သွေးနီးကြဟု
မြန်မာ့ရန်သူ၊ ဒို့ရန်သူဟု
ဘယ်သူဖြိုဖြို၊ ဒို့မပြိုဟု
ဘယ်လိုခွဲခွဲ၊ ဒို့မကွဲဟု
လက်တွဲညီညာ၊ ပေါ်ပေါက်လာသည်
ငါတို့ဗမာ့ကာကွယ်ရေးတပ်မတော်။

* ဒို့တပ်မတော်၊ ဦးဆောင်ခေါ်၍
တောင်ပေါ်မြေပြန့်၊ အနှံ့ပြည်လုံး
စုရုံးတူယှဉ်၊ မောင်းနှင်တိုက်ထုတ်
ဖက်ဆစ်ပြုတ်ခဲ့
မဟုတ်မခံ၊ ဇာတိမာန်နှင့်
နိုင်ငံလွတ်ရေး၊ အသက်သွေးကို
စတေးခဲ့ကာ၊ ချီတက်လာသည်
ငါတို့မျိုးချစ်ဗမာ့တပ်မတော်။

* သည်ယနေ့ခေတ်၊ သမိုင်းသစ်တွင်
ပြည်သစ်ဆောက်ကာ၊ ချီတက်ရာ၌
ဇာနည်မျိုးချစ်၊ ပြည့်ရင်နှစ်ဟော့
အားသစ်ဆင့်လောင်း၊ ပြည့်သားကောင်းဟော့
သစ်ယောင်းတစ်ခက်၊ ဒို့အသက်နှယ်
ဖက်ရွက်တစ်ညှာ၊ ဒို့ခန္ဓာနှယ်

* ရာထောင်တိုက်ပွဲ၊ ပါဝင်နွှဲခဲ့
ရဲသော်မသေ၊ သေသော်ငရဲမလား
မှတ်သားကြည်ယုံ၊ မသုန်ဦးလည်
ဆန္ဒညီလျက်
ပြည်သူလျှောက်လှမ်း၊ ခရီးလမ်းကို
ဖြောင့်တန်းစေရန်၊ အဓိဋ္ဌာန်ဖြင့်
နိုင်ငံအတွက်၊ ကိုယ်နှင့်သက်ကို
နှင်းဆက်အပ်လှူ၊ ချစ်ကြည်ဖြူသည်
ပြည်သူထဲက ယနေ့ပြည်သူ့တပ်မတော်။ ။

မြင်းမူမောင်နိုင်မိုး

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်

ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ နောက်ဆုံးနေ့ကျင်းပ

ရန်ကုန် မတ် ၁၉

နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်ပြန့်ပွားခြင်း ခင်းကျင်းပြသရေးလုပ်ငန်း ကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ နောက်ဆုံးနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲဝင် မြို့နယ်များမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအား နိုင်ငံတော် ဦးတည်ချက် (၁၂)ရပ်ပြန့်ပွားခြင်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးအောင်ကြီးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကထိက ဦးတင်ဝင်းက ပြိုင်ပွဲစည်းကမ်းချက်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြိုင်ပွဲကိုကျင်းပရာ လမ်းမတော်မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၂၅ဦးစီ စုစုပေါင်း အသင်းဝင် ၇၅ဦးတို့ ပြိုင်ပွဲဝင်ကြသည်။ (သတင်းစဉ်)

ပွင့်ဖြူလွင်ပြင်၊ မင်းဘူး(စကု)လွင်ပြင်နှင့် စလင်းလွင်ပြင်တို့သည် ဆည်ရေများတိုးရပြီး တစ်မိုးတစ်သီးသာ စိုက်ပျိုးလာခဲ့ရာမှ နှစ်သီးစားအဖြစ်ပါ ရေရာသေချာစွာ ကူးပြောင်းနိုင်

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ) ဖွင့်ပွဲအခမ်းအနားတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ထို့နောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် စက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဝါဖန်စက်၊ ဗိုင်းတောင့်စက်၊ အပင်ပေါင်းစက်၊ ဒုညင်းစက်၊ ချည်ငင်စက်၊ ချည်ကတော့ စက်ဌာနများ၏ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လွန်းမဲ့ရက်ကန်းစက်များနှင့် စက်ရုံမှ ထုတ်လုပ်ထားသည့် ပေါ်ပလင်ပိတ်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စက်ရုံပင်မအဆောက်အအုံ၌ ဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ) တည်ဆောက်ရသည့် ရည်ရွယ်ချက်၊ စက်ရုံရှိ အဆောက်အအုံများတွင် တပ်ဆင်ထားသည့် စက်ပစ္စည်းများ၊ စက်ရုံ၏ ထုတ်လုပ်နိုင်မှုစွမ်းအား၊ ချည်မျှင်နှင့် ပိတ်ကြမ်း၊ ပိတ်ချော ထုတ်လုပ်နိုင်မည့် အခြေအနေများ၊ အဓိကကုန်ကြမ်းလိုအပ်ချက်များ၊ ကုန်ကြမ်းရရှိရေး စီစဉ်ဆောင်ရွက်ထားမှုများ၊ ရင်းနှီးမြှုပ်နှံပမာဏ၊ သွင်းအားစု လိုအပ်ချက်များနှင့် သွင်းအားစုများရရှိရေး စီစဉ်ဆောင်ရွက်ထားမှုများ၊ ဝန်ထမ်းအင်အား အခြေအနေများကို ရှင်းလင်းတင်ပြပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စက်ရုံကအဆင့်အတန်းမြင့်မားသည့် ချည်ထည်ပစ္စည်းများ ထုတ်လုပ်သွားနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ ဖွင့်လှစ်သည့်စက်ရုံသည် ရစ်တိုင် ၂၈၇၆၀၊ ရက်ကန်းစင် ၆၀၀ ပါရှိသော ခေတ်မီစက်ရုံကြီးဖြစ်ပြီး နိုင်ငံတော်အတွက်လိုအပ်သည့် ချည်မျှင်နှင့် ပိတ်စများကို ထုတ်လုပ်ပေးသွားမှာဖြစ်ကြောင်း၊ စက်ရုံ၌ ဝန်ထမ်းပေါင်း ၄၀၀၀နီးပါးခန့် ထားနိုင်သော စွမ်းအားရှိသည့်အတွက် ပွင့်ဖြူဒေသ၌ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွက်လာမှာဖြစ်သကဲ့သို့ ခေတ်မီစက်ကိရိယာများကို ကိုင်တွယ်အသုံးပြုသွားရမှာဖြစ်သည့်အတွက်လည်း ဒေသတွင်း၌ နည်းပညာပိုင်းအရ အဆင့်အတန်းရှိသည့် ကျွမ်းကျင်မှုများ ပြန့်ပွားတိုးတက်လာမှာဖြစ်ကြောင်း။

ဝင်ငွေတိုးပွား

မုန်းဘက်စုံရေလှောင်တမံ၊ မန်းရေလှောင်တမံ၊ စလင်းရေလှောင်တမံများ တိုးချဲ့တည်ဆောက်နိုင်ခဲ့သည့်အတွက် ပွင့်ဖြူလွင်ပြင်၊ မင်းဘူး(စကု)လွင်ပြင်နှင့် စလင်းလွင်ပြင်တို့သည် ဆည်ရေများတိုးရပြီး ဆည်ရေသောက်ဧရိယာသည် သိသိသာသာ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ တစ်မိုးတစ်သီးသာ စိုက်ပျိုးလာခဲ့ရာမှ နှစ်သီးစားအဖြစ်ပါ ရေရာသေချာစွာ ကူးပြောင်းနိုင်ခဲ့ပြီး ဒေသခံတောင်သူလယ်သမားများ၏ ဝင်ငွေသည်လည်း တိုးပွားလာနေပြီဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် မုန်းဘက်စုံရေလှောင်တမံမှ လျှပ်စစ်ဓာတ်အား ၇၅မဂ္ဂါဝပ်ကိုပါ တွဲဖက်ထုတ်လုပ်ပေးနေသည့်အတွက် ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းများသည်လည်း မြင့်မားတိုးတက်လာတော့မှာဖြစ်ကြောင်း။

ယခုဆိုလျှင် စိုက်ပျိုးရေတိုးချဲ့ပေးနိုင်ရန်၊ ရေအားလျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်ပေးနိုင်ရန်အတွက် မုန်းရေလှောင်တမံ၏ အထက်ပိုင်း၌ ဗူးရွာရေလှောင်တမံစီမံကိန်း၊ မုန်းရေလှောင်တမံ၏ အောက်ပိုင်း၌ ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ နောင်သုံးနှစ်ခန့်အတွင်းတွင် မုန်းချောင်းတစ်လျှောက်၌ ရေလှောင်တမံ အဆင့်သုံးဆင့်ဖြင့် လယ်မြေများကို ရေအလုံအလောက် တိုးချဲ့ပေးဝေနိုင်မှာဖြစ်သည့်အတွက် မိုးစပါး၊ နွေစပါးနှင့် ဝါစိုက်ဧကများသည် ပိုမိုများပြားလာပြီး လယ်ယာကုန်ထုတ်လုပ်မှုသည် သိသိသာသာ တိုးတက်လာဦးမှာဖြစ်ကြောင်း။

လယ်ယာအခြေခံစက်မှု

တစ်ဖက်မှ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ လယ်ယာကဏ္ဍကို အခြေခံသည့် စက်မှုလုပ်ငန်း (Agro Based Industry) ကိုလည်း တစ်ဆက်တည်း ထူထောင်သွားရမှာဖြစ်သည့်အတွက် အရင်းအနှီးများသော ယခုကဲ့သို့ ချည်မျှင်နှင့် အထည်စက်ရုံမျိုးကို နိုင်ငံတော်က စတင်တည်ဆောက်ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မကြာမီနှစ်များအတွင်းတွင် ပုဂ္ဂလိကများကလည်း လယ်ယာကဏ္ဍကို အခြေခံသည့် စက်ရုံအငယ်စား၊အလတ်စားများကို လယ်ယာကဏ္ဍဖွံ့ဖြိုးမှု၊ လျှပ်စစ်စွမ်းအားဖွံ့ဖြိုးမှုတို့နှင့်အတူ လိုက်ဖက်ညီအောင် ထူထောင်လာတော့မှာဖြစ်ကြောင်း။

ထို့ကြောင့် ပွင့်ဖြူဒေသအပါအဝင် ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်း ဒေသများဖြစ်သည့် မင်းဘူး(စကု)ဒေသ၊ စလင်းဒေသတို့သည် တစ်ချိန်တစ်ခါက သွားရေးလာရေး ခက်ခဲသည့်ဒေသများ၊ ပူပြင်းခြောက်သွေ့သည့် ဒေသများ၊ ဖွံ့ဖြိုးတိုးတက်မှု အားနည်းသည့် ဒေသများဖြစ်ခဲ့သော်လည်း ဤနေ့ဤအချိန်တွင် နိုင်ငံတော်၏ ဖန်တီးအထောက်အကူပြုထားသော မြစ်ကူးချောင်းကူးတံတားများ၊ ရေလှောင်တမံများ၊ မြစ်ရေတင်စခန်းများ၊ စက်ရုံအလုပ်ရုံများဖြင့် အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း။

ဘက်စုံဖွံ့ဖြိုး

အမှန်တကယ် ပြန်လည်သုံးသပ်မည်ဆိုလျှင် မကွေးတိုင်းအနောက်ဘက်ခြမ်း ဒေသများသာမက မကွေးတိုင်းတစ်ခုလုံးသည် မိုးခေါင်ရေရှား ပူပြင်းခြောက်သွေ့သည့် ဒေသ၊ ခက်ခက်ခဲခဲ စိုက်ပျိုးလုပ်ကိုင်ရသည့်ဒေသ ဖြစ်ခဲ့သည်မှာအမှန်ပင်ဖြစ်ကြောင်း၊ ဤအခြေအနေကို ကုစားနိုင်ရေးအတွက် နိုင်ငံတော်သည် ငွေကြေးများစွာ အကုန်ကျခံပြီး မကွေးတိုင်းအနှံ့အပြား၌ ဆည်တမံလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်းများ၊ ဒေသစိမ်းလန်းစိုပြည်ရေးအစီအမံများ၊ ကားလမ်း၊ ရထားလမ်းနှင့် မြစ်ကူးချောင်းကူးတံတားများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ လေယာဉ်ကွင်းသစ်များ တည်ဆောက် ထူထောင်ပေးခဲ့ပြီးဖြစ်သည့်အတွက် မကွေးတိုင်းသည် ယနေ့ဆိုလျှင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာနေသည့် တိုင်းကြီးတစ်တိုင်းအဖြစ် လက်တွေ့ကျကျ မြင်တွေ့နေရပြီဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲက ဒီဇင်ဘာလအတွင်းမကွေးမြို့ကို ရောက်ရှိစဉ် **"နောင်လေးနှစ်၊ ငါးနှစ်အတွင်း နိုင်ငံတော်က ဖန်တီးတည်ဆောက်ပေးထားသော အခြေခံကောင်းများကို အခြေပြု၍ မကွေးတိုင်းသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း"**

"မကွေးတိုင်းကိုသာမက နိုင်ငံတော်ရဲ့ နယ်မြေဒေသအားလုံးကွက်ပြည့်ဖွံ့ဖြိုးတိုးတက်အောင် ယခုကဲ့သို့ အလေးထား လုပ်ကိုင်ဆောင်ရွက်ပေးရာ၌ အခက်အခဲများစွာကြားမှ မိမိတို့ကြိုးစားလုပ်ကိုင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ မိမိနိုင်ငံ၊ မိမိလူများ ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ခံယူချက်ဖြင့် အားထုတ်လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း" ဖြင့် မှာကြားလမ်းညွှန်ခဲ့ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ➪

ပွင့်ဖြူဒေသ အပါအဝင် ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်း ဒေသများဖြစ်သည့် မင်းဘူး(စကု)ဒေသ၊ စလင်းဒေသတို့သည် တစ်ချိန်တစ်ခါက သွားရေးလာရေးခက်ခဲသည့်ဒေသများ၊ ပူပြင်းခြောက်သွေ့သည့် ဒေသများ၊ ဖွံ့ဖြိုးတိုးတက်မှု အားနည်းသည့်ဒေသများ ဖြစ်ခဲ့သော်လည်း ဤနေ့ ဤအချိန်တွင် နိုင်ငံတော်၏ ဖန်တီးအထောက်အကူပြုထားသော မြစ်ကူးချောင်းကူးတံတားများ၊ ရေလှောင်တမံများ၊ မြစ်ရေတင်စခန်းများ၊ စက်ရုံအလုပ်ရုံများဖြင့် အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ) ဖွင့်ပွဲအခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီး ကိုကိုဇော်တို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ) ဖွင့်ပွဲအခမ်းအနားတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဝါပန်းတိုင်အထွက်နှုန်းပိဿာ ၄၀၀ ရရန် အားထုတ်ကြိုးပမ်း အရည်အသွေးကောင်းသည့် ဝါမျိုးထွက်ရှိအောင် ဆက်လက်ကြိုးစားလုပ်ကိုင်

➪ စာမျက်နှာ ၄ မှ

မကွေးတိုင်းသားများသည် ယခုကဲ့သို့ နိုင်ငံတော်၏ စေတနာနှင့် မွန်မြတ်သည့် ရည်မှန်းချက်များကို နားလည်ပြီး နိုင်ငံတော်အပေါ် အလေးအနက်သစ္စာစောင့်သိရန်၊ မျိုးချစ်စိတ်ဓာတ်ခိုင်မာရန်၊ အလုပ်ကိုဖိဖိစီးစီး လုပ်ကြရန်လိုအပ်ကြောင်း၊ အရင်းအနှီးကြီးသည့် ဤခေတ်မီစက်ရုံကြီးကို ရေရှည်တည်တံ့ရန်အတွက် ဒေသခံပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်လိုအပ်သကဲ့သို့ စက်ရုံအတွက် အဓိကလိုအပ်သော ဝါကုန်ကြမ်းကိုလည်း တိုးချဲ့စိုက်ပျိုးထုတ်လုပ်ပေးသွားကြရမှာ ဖြစ်ကြောင်း။

ပွင့်ဖြူစက်ရုံနှင့်အတူ တစ်ပြိုင်တည်းတည်ဆောက်နေဆဲစက်ရုံများမှာ ပခုက္ကူနှင့် ဆားလင်းကြီး ချည်မျှင်နှင့် အထည်စက်ရုံတို့ဖြစ်ကြောင်း၊ ဤစက်ရုံသစ်များနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှာရှိသည့် စက်ရုံဟောင်းများ၏ ချည်မျှင်ရှည်ဝါ လိုအပ်ချက်သည် တစ်နှစ်ပိဿာသိန်း ၃၀၀ ခန့်ရှိကြောင်း၊ ယနေ့ ဝါအဓိကစိုက်ပျိုးထုတ်လုပ်သည့် မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအပါအဝင် နိုင်ငံတော်တစ်ရပ်လုံး၌ ဝါစိုက်ဧကသည် ရှစ်သိန်းခန့်၊ ဝါပိဿာစုစုပေါင်း သိန်း ၉၀၀ ခန့်ထွက်ရှိကြောင်း၊ နိုင်ငံတော်ပိုင်စက်ရုံများအပြင် ပုဂ္ဂလိကစက်ရုံများ၏ ဝါလိုအပ်ချက်ကိုပါထည့်တွက်မည်ဆိုလျှင်ပင် ပြည်တွင်းဝါထွက်ရှိမှုနှင့် ပြည်တွင်းလိုအပ်ချက်သည် မျှတသည်ဟု အကြမ်းဖျင်းတွက်ချက်ရရှိကြောင်း။

ပန်းတိုင်အထွက်နှုန်းရရေး

သို့ရာတွင် ချည်မျှင်ရှည်ဝါအထွက်နှုန်းသည် တစ်ဧကပျမ်းမျှပိဿာ ၁၄၀ခန့်သာ ထွက်နေသေးသည့်အတွက် နိုင်ငံတော်ကသတ်မှတ်ပေးထားသည့် ပန်းတိုင်အထွက်နှုန်းပိဿာ ၄၀၀ ရရန် အားထည့်ကြိုးပမ်းရမှာဖြစ်သကဲ့သို့ အရည်အသွေးကောင်းသည့် ဝါမျိုးထွက်ရှိအောင် ဆက်လက်ကြိုးစားလုပ်ကိုင်ကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က ဝါအကောင်းစားမျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေးအတွက် သုံးနှစ်အတွင်း မျိုးအစားထိုးပြောင်းလဲစိုက်ပျိုးရေးစီမံချက်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ တစ်ဖက်မှလည်း စပါး၊ဝါ၊ကြံ၊ရော်ဘာစသည့်သီးနှံအားလုံးကို နိုင်ငံတော်က ဈေးနှုန်း ကန့်သတ်ပြီး အချိုးကျဝယ်ယူသည့်စနစ်မျိုး လုံးဝမကျင့်သုံးတော့ဘဲ ဈေးကွက်၏သဘောတရားအရ ကြိုက်ရောင်းကြိုက်ဝယ်စနစ်၊ တစ်နည်းအားဖြင့် လွတ်လပ်စွာရောင်းဝယ်ခွင့်ကို ခွင့်ပြုထားပြီးဖြစ်သည့်အတွက် ဒေသခံတောင်သူလယ်သမားများကလည်း ဈေးကောင်းရနိုင်သည့် ဝါမျိုးကောင်းမျိုးသန့်များကို ကြိုးစားစိုက်ပျိုးထုတ်လုပ်ကြရန်လိုကြောင်း။

ယခုအချိန်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနအပါအဝင် နိုင်ငံတော်အဖွဲ့အစည်းများသည်လည်း မြေလွတ်မြေရိုင်းများကို ရှာဖွေဖော်ထုတ်ပြီး မိမိ၏ကုန်ကြမ်းလိုအပ်ချက်ကို မိမိတို့အစီအစဉ်ဖြင့်ပင် စိုက်ပျိုးထုတ်လုပ်နိုင်အောင် ကြိုးပမ်းနေကြပြီဖြစ်ကြောင်း၊ အထူးသဖြင့် မကွေးတိုင်း၌ နိုင်ငံတော်အဖွဲ့အစည်းများ၏ ဝါစိုက်ခင်းသစ်များသည် ဧကထောင်ချီပြီး စတင်ပေါ်ထွက်လာနေပြီဖြစ်ကြောင်း။

ထို့ကြောင့် ဒေသခံတောင်သူလယ်သမားများသည် ဈေးကွက်၌ လိုအပ်သည့် ဝါကုန်ကြမ်းကို တစ်ဖက်တစ်လမ်းမှ စိုက်ပျိုးထုတ်လုပ်ပေးရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနေသည့် ဝါစိုက်ခင်းသစ်များဆီမှ စိုက်နည်းစနစ်သစ်များကိုလည်း အတုယူစရာရှိလာနေပြီဖြစ်ကြောင်း။

ခြုံလိုက်လျှင် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍသည် ဆက်လက်ပြီး ဖွံ့ဖြိုးတိုးတက်နေမည့် အလားအလာကောင်းများ ရှိနေသကဲ့သို့ စိုက်ပျိုးရေးကဏ္ဍကို အခြေခံသည့် စက်မှုလုပ်ငန်းများသည်လည်း ပိုမိုဖွံ့ဖြိုးစည်းဖြစ်ပေါ်လာမည့် အလားအလာကောင်းများ ရှိနေကြောင်း ယခုပွင့်ဖြူစက်ရုံကြီးက သက်သေပြဆိုနေပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု တန်ဖိုးပမာဏတွင် လယ်ယာကဏ္ဍပြီးလျှင် စက်မှုကဏ္ဍသည် ဒုတိယမြောက်တန်ဖိုးပမာဏ အများဆုံးဖြစ်ကြောင်း၊ စက်မှုကဏ္ဍတွင်လည်း ပုဂ္ဂလိကအပိုင်းက အများစု ၉၈ရာခိုင်နှုန်းခန့် ပါဝင်နေပြီး နိုင်ငံတော် အပိုင်းက ၁ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ပါဝင်နေကြောင်း စိစစ်တွေ့ရှိရကြောင်း၊ နိုင်ငံတော်အပိုင်းအနေဖြင့် အရင်းအနှီးကြီးပြီး နည်းပညာမြင့်မားသည့်၊ ပုဂ္ဂလိက အပိုင်းက တည်ဆောက်ထူထောင်ရန် မလွယ်ကူသည့် စက်ရုံအလုပ်ရုံများကို ဦးစားပေးထူထောင်နေခြင်း ဖြစ်ကြောင်း။

ခေတ်မီစက်မှုနိုင်ငံ

အထူးသဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းကို ဦးစားပေးထူထောင်ရင်း၊ လယ်ယာသုံးစက်ကိရိယာ ပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်း၊ ကုန်ချောပစ္စည်း ထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ ပြည်ပပို့ကုန်တင်ပို့နိုင်သည့် စက်မှုလုပ်ငန်း၊ အကြီးစားစက်မှုလုပ်ငန်းစသည့် တိုင်းပြည်အတွက် အရေးပါသည့် အခြားစက်မှု လုပ်ငန်းများကို တစ်ပါတည်း ထူထောင်ရေးဆိုသည့် ဦးတည်ချက်နှင့်အညီ စက်မှုလုပ်ငန်းများကို အားပေးထူထောင်နေခြင်းဖြစ်ကြောင်း၊တစ်ချိန်တွင် စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုနိုင်ငံမှတစ်ဆင့် ခေတ်မီစက်မှုနိုင်ငံအဖြစ် ကူးပြောင်းနိုင်အောင် အခြေချလမ်းခင်းဆောင်ရွက်နေခြင်းလည်း ဖြစ်ကြောင်း။

တစ်နည်းအားဖြင့် တစ်မျိုးသားလုံး၏ ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် လိုအပ်သော စက်မှုအခြေခံများကို ထူထောင်နေပြီး တစ်ဖက်မှလည်း စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက်မရှိမဖြစ်လိုအပ်သည့် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း ဦးစားပေး ထူထောင်နေခြင်းဖြစ်ကြောင်း၊ ရည်မှန်းချက်မှာ မကွေးတိုင်း အပါအဝင် နိုင်ငံတော်တစ်ရပ်လုံးကို ကွက်လပ်မကျန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအခြေခံကောင်းများ ဖြစ်ပေါ်တည်ရှိအောင်၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြိုနိမ့်မြင့်ကွာဟမှုများ လျော့နည်းကျဆင်းပြီး မျှတစွာဖွံ့ဖြိုးတိုးတက်လာအောင် အားသွန်ခွန်စိုက်လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အသွင်ကူးပြောင်းရေး

စီးပွားရေးအခြေခံများ၊ လမ်းပန်းဆက်သွယ်မှုအခြေခံများ၊ ပညာတတ်လူ့အရင်းအမြစ်ဖြစ်ပေါ်ရေးအခြေခံများစသည့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့်အခြေခံများကို ပြည့်စုံအောင် ထူထောင်လာနိုင်သည်နှင့်အမျှ တစ်ဖက်မှလည်း မိမိနိုင်ငံ၊ မိမိလူမျိုး၏ အစဉ်အလာ ဓလေ့စရိုက်နှင့် ကိုက်ညီဆီလျော်သော စစ်မှန်သည့်ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးအတွက် လိုအပ်သည့် လုပ်ငန်းအစီအစဉ်များကိုလည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကိုရော၊ နိုင်ငံရေးဆိုင်ရာလုပ်ငန်းစဉ်များကိုပါ ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်နှင့် ပြည်သူတက်ညီလက်ညီ ဦးထမ်းပဲ့ထမ်း ပူးပေါင်းလုပ်ကိုင်ရေးသည် အဓိကအခရာဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံး၏ နီးကြားသည့် ပူးပေါင်းမှုစွမ်းအားဖြင့်ပင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်အားလုံးကို အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်၏နိုးကြားတက်ကြွသည့် ဦးစီးဦးဆောင်မှုဖြင့် တိုင်းရင်းသားပြည်သူများ၏ အသိစိတ်ဓာတ်နှင့်ယှဉ်ပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အရှိန်အဟုန်ရှိရှိ သိသိသာသာ တိုးတက်အောင်မြင်မှုများရရှိလာနေသည့် မကွေးတိုင်း၏ အစဉ်အလာကောင်းကိုစံထားပြီး နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်၊ အဓွန့်ရှည်တည်တံ့အောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ကာကွယ်တည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဒေသခံတစ်ဦးဖြစ်သည့် ပွင့်ဖြူမြို့မှ ဦးတင်မင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုမည့် ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ)ကို ပွင့်ဖြူဒေသ၌ တည်ဆောက်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကားပြောကြားသည်။

သစ်သီးခြင်းလက်ဆောင်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် Tianjin Machinery Import & Export Corporation မှ Chairman Mr. Sun Jian Rong နှင့် တာဝန်ရှိသူများအား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား Chairman Mr. Sun Jian Rong က အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသည့် Committee of Commerce Tianjin မှ Director General Mr. Li Pei Sheng နှင့် ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ပြီး စက်ရုံဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်တွင်း လိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် သွင်းကုန်အစားထိုးဖြစ်စေရန် ဒေသဖွံ့ဖြိုးတိုးတက်လာစေပြီး လူနေမှုအဆင့်အတန်းပိုမိုမြင့်မားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရန်၊ ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြုသည့်အတွက် နည်းပညာပိုင်းဆိုင်ရာ မြင့်မားလာစေရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ) စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ)၌ အဓိကတပ်ဆင်ထားသည့် စက်ပစ္စည်းများမှာ ရစ်တိုင် ၄၈၀၀ပါရှိသည့် ချည်ငင်စက် ၆၂စင်နှင့် လွန်းမဲ့ရက်ကန်းစင် ၆၀၀ဖြစ်သည်။

စက်ရုံ၏ စက်စွမ်းအားမှာ တစ်နှစ်လျှင် ၁/၄၀ ပီစီချည်နှင့် ဘီးဖီးချည် စုစုပေါင်းပေါင် ၂ ဒသမ ၈၅၆ သန်းနှင့် ၁/၄၀ ပီစီပိတ်ကြမ်းနှင့် ပေါ်ပလင်ပိတ်ကြမ်းစုစုပေါင်းကိုက် ၉ ဒသမ ၉၇၆ သန်း ထုတ်လုပ်နိုင်သည်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ အထည်အလိပ် လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ) ဖွင့်ပွဲအခမ်းအနားတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းအား အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင် သောင်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



စပါးတိုးချဲ့စိုက်ပျိုးရန်အတွက် မြေယာတိုးချဲ့ရေး၊ ရေရရှိရေး နည်းလမ်းမျိုးစုံဆောင်ရွက် ပခုက္ကူဒေသ ဆန်ဖူလုံရေး အမြဲအာရုံစူးစိုက်ပြီး တာဝန်ရှိသူများက ပြည်သူများနှင့် လက်တွဲဆောင်ရွက်

◈ **ကျောဖုံးမှ**

မကွေးတိုင်း တိုင်းချုပ်အနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်၌ ဝမ်းစာဖူလုံမှု ၉၆ ဒသမ၁၅ ရာခိုင်နှုန်းရရှိရေးအတွက် ရည်မှန်းစိုက်ပျိုးဆောင်ရွက်နေမှုကိုလည်းကောင်း၊ ၂၀၀၃-၂၀၀၄ ခုနှစ် မိုးစပါး ၊ နွေစပါး စိုက်ပျိုးနိုင်မှု၊ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးစိုက်ပျိုးနိုင်မှုနှင့် နွေစပါးကို လျာထားဧကပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူမြို့နယ်၊ ပေါက်မြို့နယ်၊ မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့၏ ဆန်ဖူလုံမှုအခြေအနေ၊ ပခုက္ကူခရိုင်၏ ၂၀၀၃-၂၀၀၄ ခုနှစ်၊ ၂၀၀၄-၂၀၀၅ ခုနှစ် နှစ်အလိုက် ဆန်ဖူလုံမှုအခြေအနေ ၊ ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ဆန်ဖူလုံရေးအတွက် လယ်ယာမြေများ ဖော်ထုတ်မှုနှင့် ရေရရှိရေးအတွက် ပခုက္ကူခရိုင်အနေဖြင့်လုပ်ငန်း ၇၁ခု လျာထားသည့်အနက် ကိုယ့်အားကိုယ်ကိုးကျေးလက်ဆည် ၂၄ခု၊ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ဆည် ၁၈ခု စုစုပေါင်း ၄၂ခု ပြီးစီးမှုကိုလည်းကောင်း၊ ဆောင်ရွက်ဆဲ စီမံကိန်းနှစ်ခုပြီးစီးပါက စိုက်ပျိုးဧကတိုးတက်လာမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦးနှင့် မကွေးတိုင်း စိုက်ပျိုးရေးမန်နေဂျာ ဦးကျော့မောင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပခုက္ကူခရိုင်၏ မြေယာအသုံးချမှု၊ ၂၀၀၅ ခုနှစ် မိုးရွာသွန်းမှု၊ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း သီးနှံများလျာထားချက်နှင့် စိုက်ပျိုးပြီးစီးမှု၊ မိုးစပါးစိုက်ပျိုးထွက်ရှိမှု၊ နွေစပါးများလျာထားချက်နှင့် စိုက်ပျိုးပြီးစီးမှု၊ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိမှု၊ စံပြစမ်းသပ်ကွက်များဆောင်ရွက်နိုင်မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဂန့်ဂေါခရိုင်အတွင်း လယ်ယာမြေတိုးချဲ့ ဖော်ထုတ်ရေးအတွက်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့ ပခုက္ကူမြို့သို့ ယခုလာရောက်ကြခြင်းမှာ ပခုက္ကူခရိုင်ဒေသဆန်ဖူလုံရေးအတွက် စပါးတိုးချဲ့စိုက်ပျိုးရန်နှစ်အလိုက် ဆောင်ရွက်ရမည့် ရေရရှိရေးလုပ်ငန်းများ၊ မြစ်ရေတင်စီမံကိန်းများ၊ ကျေးလက်အဆင့် ကျေးလက်ဆည်ဆောင်ရွက်ပြီးစီးမှုများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ၊ နှစ်အလိုက် လယ်မြေတိုးချဲ့ဖော်ထုတ်စိုက်ပျိုးရေး ဆောင်ရွက်ချက်အခြေအနေများ သိရှိနိုင်ရန်နှင့် လုပ်ငန်းများအရှိန်အဟုန်မြှင့်တင်ရေးတို့အတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရန်လာရောက်ကြခြင်းဖြစ်ကြောင်း၊ ပခုက္ကူဒေသသည် ဧရာဝတီအနောက်ခြမ်းရှိမြို့တော်ဖြစ်သည့်အပြင် ချင်းပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် တံခါးပေါက်တစ်ခုလည်းဖြစ်ကြောင်း၊ ပခုက္ကူဒေသ ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အလေးအနက်ထား၍ စီစဉ်ညွှန်ကြားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပခုက္ကူခရိုင် ဆန်ဖူလုံရေးအတွက်လည်း နိုင်ငံတော်အကြီးအကဲက စီမံညွှန်ကြား ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပခုက္ကူဒေသယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အပြင် အဓိကအားဖြင့် ဒေသဆန်ဖူလုံရေးကိုလည်း တာဝန်ရှိသူအဆင့်ဆင့်က ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ စပါးတိုးချဲ့စိုက်ပျိုးရန်အတွက် မြေယာတိုးချဲ့ရေး၊ ရေရရှိရေးနည်းလမ်းမျိုးစုံကို ထပ်မံ၍ နေရာရှာဖွေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပခုက္ကူဒေသဆန်ဖူလုံရေးအတွက် အမြဲအာရုံစူးစိုက်ပြီး ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် တက်ညီလက်ညီ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်စိုက်ပျိုး

ပခုက္ကူခရိုင်၌ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း မိုးစပါးလျာထားဧက ၈၆၆၀၄ ဧက အနက် ၈၀၇၂၂ ဧကစိုက်ပျိုးခဲ့ပြီး နွေစပါးလျာထားဧက ၁၂၀၄၇ ဧက အနက် ယနေ့အထိ ၄၅၂၃ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး ဆက်လက်စိုက်ပျိုးဆဲဖြစ်ကြောင်း သိရသည်။

ပဲမျိုးစုံလျာထားဧက ၄၅၇၂၈၀ အနက် ၄၆၂၃၂၆ ဧက၊ ရာခိုင်နှုန်းအားဖြင့် ၁၀၁ ရာခိုင်နှုန်း၊ ဆီထွက်သီးနှံ လျာထားဧက ၄၄၅၇၂၇ ဧကအနက် ၄၁၇၁၁၆ ဧက၊ စားဖိုဆောင်သီးနှံလျာထားဧက ၂၃၀၀၀ အနက် ၂၁၉၉၄ ဧက၊ ဝါသီးနှံလျာထားဧက ၅၀၄၀၀ အနက် ၄၂၈၅၃ ဧက၊ ပြောင်းသီးနှံ လျာထားဧက ၄၂၄၇၅ ဧကအနက် ၄၀၇၃၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူမြို့ နယ်မြေခံတပ်မဌာနချုပ် ရဲတံခွန်ခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မဌာနချုပ် ရဲတံခွန် ခန်းမသို့ ရောက်ရှိပြီး အရာရှိစစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်ကို ဒေသခံပြည်သူများနှင့်အတူလက်တွဲ ဆောင်ရွက်ကြရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံနမူနာအဖြစ် ဆောင်ရွက်ကြရေး၊ မိသားစုဝင်များ၏ ပညာရေး၊ကျန်းမာရေး၊ လူမှုရေး၊သက်သာချောင်ချိရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်က ဖြည့်ဆည်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အရာရှိစစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် ပခုက္ကူမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာကြပြီး ရဟတ်ယာဉ်ပေါ်မှ ညောင်ဦးမြို့နယ် ငါ့သရောက် မြစ်ရေတင်စီမံကိန်း ရေသောက်ဧရိယာရှိ လယ်မြေများ၌ နွေစပါးစိုက်ပျိုးဖြစ်ထွန်းနေမှုများကို လည်းကောင်း၊ ဆင်တဲဝတံတားအနီး သဲသောင်ပြင်တစ်လျှောက်တွင် စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်-မန္တလေး ခြောက်လမ်းသွားပြည်ထောင်စုလမ်းမကြီး ဖောက်လုပ်ပြီးစီးနေမှုများနှင့် နွေစပါးစိုက်ပျိုးမှုအခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိရပ်နားသည်။

မြစ်ငယ်မြစ်ကူးတံတား

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၉ရက် နံနက် ၇နာရီတွင် မြစ်ငယ်မြစ်ကူးတံတား(မန္တလေး)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာမှူး ဦးစိုးမင်းက တံတားတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးရေး၊ ချဉ်းကပ်လမ်း အချိန်မီပြီးစီးရေးနှင့် လိုအပ်သည်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လုပ်ငန်းခွင်အတွင်းရှိ မြစ်ငယ်ဘက်ခြမ်းမှ ချဉ်းကပ်လမ်းဆောင်ရွက်နေမှု၊ တံတားလက်ရန်းအောက်ခြေကွန်ကရစ်လောင်းခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ တံတားကြမ်းခင်းကွန်ကရစ်လောင်းပြီးစီးမှု၊ စဉ့်ကိုင်ဘက်ခြမ်းရှိ ချဉ်းကပ်လမ်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မြစ်ငယ်တံတားမှာ တံတားအရှည်ပေ ၈၄၀၊ ယာဉ်သွားလမ်းအကျယ် ၇၂ပေနှင့် ဘေးတစ်ဖက်စီတွင် လူသွားလမ်းအကျယ် လေးပေစီပါရှိပြီး သံကူကွန်ကရစ်လွန်တူးပိုင် အပေါ်ထည်ကြိုတင်အားဖြည့်ကွန်ကရစ်နှင့် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သည် တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ်ပေ ၈၀နှင့် အမြင့်ရှစ်ပေခွဲဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၇၅တန်ဖြစ်သည်။

အဆိုပါ တံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၂)မှ ၂၀၀၃ ခုနှစ် မတ်လ ၇ရက်တွင် တာဝန်ယူတည်ဆောက်ခဲ့ရာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၈၀ရာခိုင်နှုန်းပြီးစီးလျက်ရှိကြောင်းသိရသည်။

(သတင်းစဉ်)

ညောင်ကန်အေးကွင်းကျောင်း ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေး ကွင်းကျောင်း သာသနာ့ရိပ်သာ၌ (၃၅)ကြိမ်မြောက် ၁၀ရက်တရားစခန်း ဝိပဿနာတရား အထူးအားထုတ်ပွဲကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ပြီး တရားဘာဝနာ ပွားများအားထုတ်လိုသူ ယောဂီသူတော်စင်များသည် ဧပြီ ၆ရက်နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ လှူဒါန်းလိုသူများ ဖုန်း-၅၆၀၉၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် မတ်၅ရက်မှ ၁၉ရက်အထိကျင်းပသည့် Miss ASEAN 2005 ပြိုင်ပွဲသို့ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ကိုယ်စားပြုဒိုင်လူကြီး ဒေါ်ခင်မြင့်မြင့် (မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ)နှင့် လေ့လာသူ မေနန်းဦး၊ မိတ်ကပ်ပညာရှင် အောင်ကြည်ထွန်း(မိတ်ကပ်အောင်အောင်)တို့ မတ် ၁၅ ရက် နံနက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းစစ်ဆေး

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် မှော်ဘီမြို့နယ် အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်)သို့ ရောက်ရှိလာသည်။

ရှင်းလင်းတင်ပြ

တိုင်းမှူးနှင့် မြို့တော်ဝန်တို့အား ကော်မတီဝင် ဗိုလ်မှူးကြီး တင်စိုး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်း၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဦးသောင်းရင်၊ ရာပြတ်ဌာန ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းတို့က ကြိုဆိုကြသည်။ တိုင်းမှူးနှင့် မြို့တော်ဝန်အား ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးက ငမိုးရိပ်ဆည် ပင်မတူးမြောင်းမှ ရေသွယ်ယူရန် ရေခေါ်တူးမြောင်း ဖောက်လုပ်ခြင်း၊ ရေတွင်းစက်ရုံ၊ အကြိုအနည်ထိုင်ကန်၊ အနည်ထိုင်ကန်၊ သဲရေစစ်ကန်၊ ရေစုကန်၊ လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်နေမှုနှင့် လျှပ်စစ်သွယ်ယူမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

အပြီးသတ်ဆောင်ရွက်

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်အား စီမံကိန်းဝင်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကိုလိုက်လံရှင်းလင်းတင်ပြပြီးနောက် ငမိုးရိပ်ချောင်းဖြတ်ရေဒုပ်ပြွန်တည်ဆောက်နေမှု၊ ရေကတစ်ကျေးရွာအနီး ငမိုးရိပ်တူးမြောင်းမှ ပင်မရေယူအဆောက်အအုံ ကွန်ကရစ်မြောင်း အပြီးသတ် ဆောင်ရွက်နေမှုကို လိုက်လံ ရှင်းလင်းပြသသည်။

မှာကြား

တိုင်းမှူးနှင့်မြို့တော်ဝန်သည် လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီးနောက် ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)အား သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ အလေအလွင့်မရှိစေရေး၊ လုပ်ငန်းများ ကြံ့ခိုင်မှုရှိပြီး ရေရှည်အကျိုးရှိစေရေး၊ အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲမှု ရှိစေရေးတို့ကို မှာကြားသွားသည်။ (၁၉)

မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် (၈)လမ်းနေ အလှူဒါယကာ (ဦးလေးမောင်)၊ အလှူဒါယိကာမ ဒေါ်အုန်းမြင့် မိသားစုတို့က ပုသိမ်ညွန့်ရပ်ကွက် (၉)လမ်း၊ ဓမ္မဇေယျ ပရိယတ္တိ စာသင်တိုက် ပဓာန ဆရာတော် ဘဒ္ဒန္တ ဥက္ကံသ (သံဃသမ္မုတိရ မြို့နယ် သံဃနာယက အကျိုးတော်ဆောင် ဆရာတော်)အား ပုနောပသမ္ပဒ သိက္ခာတော်ထပ်ပြီး ရဟန်းခံ၊ ရှင်ပြုမင်္ဂလာကို မတ် ၁၃ရက်က ကျင်းပရာ အလှူရှင် ဒေါ်အုန်းမြင့်မိသားစုက ဓမ္မဇေယျ ပရိယတ္တိစာသင်တိုက်ကြီး၏ သာသနာ့ဝေယျာဝစ္စများအတွက် အသုံးပြုရန် ငွေပဒေသာပင် ကျပ်ငါးသိန်းကို ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းတော်နှင့် ရွှေထီးတော်ကြံ့ခိုင်မှု စစ်ဆေးရေးဗဟိုကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၉

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေးနှင့် ရွှေထီးတော်ကြံ့ခိုင်မှုစစ်ဆေးရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အစည်းအဝေးသို့ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေးနှင့် ရွှေထီးတော်ကြံ့ခိုင်မှု စစ်ဆေးရေးဗဟိုကော်မတီ ဥက္ကဋ္ဌနှင့် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

အစည်းအဝေးတွင် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော်ကြီးကို နှစ်ပေါင်းများစွာ တည်တံ့ခိုင်ခံ့စေရေးအတွက် သံမဏိဆိုင်းကြိုးများ၊ သံမဏိဒေါက်တန်းများဖြင့် ဖြည့်စွက်တပ်ဆင်ပူဇော်ရေး၊ ရွှေပြားသင်္ကန်းတော်၊ ရွှေမျက်ပါးသင်္ကန်းတော်ကပ်လှူပူဇော်ရေး၊ ကိုယ်လုံးတော်ကြီးခိုင်ခံ့မှု ထိန်းသိမ်းရေးအတွက် ခေတ်မီနည်းပညာဖြင့် ဗိသုကာပုံစံရေးဆွဲထုတ်လုပ်ရေး၊ သဘာဝရာသီဥတုဘေးဒဏ်ခံနိုင်ရည် စွမ်းအားတိုင်းတာခြင်း (Target Prism)များ တပ်ဆင်၍ တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရာတွင် နှစ်ပေါင်းများစွာ ရွှေရောင်၊ ရွှေသားခိုင်ခံ့တည်တံ့စေရန်အတွက် သုံးကျပ်သား၊ ခြောက်ကျပ်သား ရွှေစင်ရွှေသား ရွှေသင်္ကန်းတော်များအပြင် အများပြည်သူများ ဈေးနှုန်းသက်သာစွာ ဆက်ကပ်လှူဒါန်းပူဇော်နိုင်ရန် ရှစ်ပဲသား၊ (၁၂)ပဲသား ရွှေပါးလွှာသင်္ကန်းတော်များ ကပ်လှူပူဇော်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော်ကြံ့ခိုင်မှု စစ်ဆေးခြင်းနှင့် ရွှေသင်္ကန်းတော်ကပ်လှူ ပူဇော်ရေးလုပ်ငန်းတို့ကို ၂၀၀၅ခုနှစ် ဧပြီ ၃၀ရက်နောက်ဆုံးထား၍ ပြီးစီးအောင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးညှိနှိုင်းကြသည်။ (သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ မတ် ၁၉ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာပြီး ငမိုးရိပ်တူးမြောင်းမှ ပင်မရေယူအဆောက်အအုံ ကွန်ကရစ်မြောင်း အပြီးသတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ရွှေတိဂုံစေတီတော် သာသနိကအဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှု စစ်ဆေး

ရန်ကုန် မတ် ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဌာနချုပ်မှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် အထက်ပစ္စယာ၌ မီးသတ်ဦးစီးဌာန၏ အကြံပြုချက်ဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားသော မီးဘေးကာကွယ်ရေးပစ္စည်းများ၊ ၄က်ပျောဖူးတော်ထိပ်ပိုင်းအထိ ရေပိုက်လိုင်း တပ်ဆင်ကာ ရေဖျန်းနိုင်သည့် စနစ်တပ်ဆင်ထားခြင်း အခြေအနေများနှင့် ဓာတုဗေဒ ပေါင်ဒါမှုန့်ခြောက်၊ မီးသတ်ဆေးဘူးများ ထားရှိခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ရင်ပြင်တော်ရှိ ဘုရားကျောင်းကန်နှင့် ဇရပ်များ မီးဘေးလုံခြုံမှု အခြေအနေများနှင့် ရင်ပြင်တော်တွင် မီးငြိမ်းသတ်ရေးအတွက် ရေလုံလောက်စွာ ရရှိရေး၊ ပိဋကတ်တိုက်တွင် မီးအချက်ပေးကိရိယာနှင့် မီးဘေးကာကွယ်ရေးပစ္စည်းများတပ်ဆင်ထားမှု၊အလယ်ပစ္စယာတွင် ထားရှိသော မီးသတ်ရေတိုင်ငုတ်များကို ကြည့်ရှုစစ်ဆေးရာ ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်တည်ဆောက်ရေးမှ ဗိုလ်မှူးညိုမင်းလွင်၊ ရွှေတိဂုံစေတီတော်ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်နှင့် တာဝန်ရှိသူများ၏ ရှင်းလင်းပြသ ပြောကြားချက်များအပေါ် ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက် ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၉

ဇီဝိတဒါန သံဃာ့ဆေးရုံအသင်း၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဗိုလ်ကြီးမောင်တင် (အငြိမ်းစား)နှင့် ဦးလှမြိုင်၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အသင်းသားများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ သဘာပတိဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီးက အမှာစကားပြောကြားပြီး အတွင်းရေးမှူးဦးမောင်မောင်က နှစ်ပတ်လည်အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးတင်လှက ငွေစာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး အစည်းအဝေးက အတည်ပြုသည်။ ထို့နောက် ၂၀၀၅ခုနှစ်အတွက် စာရင်းစစ်ခန့်ထားကြောင်း ကြေညာပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



ဇီဝိတဒါနသံဃာ့ဆေးရုံကြီး နှစ်ပတ်လည်အစည်းအဝေး(၂၀၀၄) ကျင်းပစဉ်။ (သံဃာ့ဆေးရုံ)

သကြၤန်ခါဝိပဿနာ ၁၅ရက်တရားစခန်း

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ်(၆)ရှိ မဟာစည်သြဝါဒခံ ဩင်္ကာန်အေးသာသနာ့ရိပ်သာ (၂၅)ကြိမ်မြောက် သကြၤန်ခါ ဝိပဿနာ တရားအားထုတ်ပွဲ ၁၅ရက်စခန်းကို ဧပြီ ၃ရက်မှ ဧပြီ ၁၇ရက်ထိ ကျင်းပမည်ဖြစ်ရာ တရားဝင်လိုသူများ၊ ရဟန်းခံရှင်ပြုလိုသူများ၊ သီလရှင်ဝတ်လိုသူများ၊ အလှူဒါနပြုလိုသူများ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး ဒုလ္လဘရဟန်း သင်္ကန်းပရိက္ခရာ၊ နေ့ဆွမ်း၊ အရုဏ်ဆွမ်း၊ ဖျော်ရည် စသည်ဖြင့် ဖုန်း-၆၄၂၂၁၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရသူများ၏စာရင်း ထုတ်ပြန်

ရန်ကုန် မတ် ၁၉

ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ်အဖြစ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲများကိုကျင်းပခဲ့ရာ စာစီစာကုံးပြိုင်ပွဲတွင် မခိုင်တင်ဇာမြင့် အထက(၁)ကြည့်မြင်တိုင်က ပထမ၊ မခင်မြတ်နိုးဟန် အထက(၂)ရန်ကင်းက ဒုတိယ၊ မရတနာလင်း အထက(၂)လမ်းမတော်က တတိယဆုရရှိပြီး ဆောင်းပါးပြိုင်ပွဲတွင် ဦးစိုးအောင်(စိုးအောင်/တိုင်းရင်းဆေးသိပ္ပံ) ကပထမ၊ ဦးခင်ဦး(ပြည်မြို့)ကဒုတိယ၊ ဒေါ်စမ်းဌေး(ဌေးဝယ်)ကတတိယဆု ရရှိကြသည်။

ဆုရရှိသူများသည် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် ပြိုင်ပွဲကျင်းပရေးကော်မတီ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသို့ မတ် ၂၂ရက် ညနေ ၄နာရီအရောက် လူကိုယ်တိုင်သတင်းပို့ရန်နှင့် မတ် ၂၃ရက် ညနေ ၅နာရီတွင် MICT Park ၌ ကျင်းပမည့် (၄၄)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ်အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

နေရာကွက်၍ လေပြင်းတိုက်နိုင်

ရန်ကုန် မတ် ၁၉

ပူပြင်းခြောက်သွေ့သော ယခုအချိန်မှစ၍ မေလလယ်ခန့်အထိ မြန်မာနိုင်ငံအရပ်ရပ်တို့တွင် နေ့အပူချိန်များ သိသိသာသာ တိုးတက်လာမည်ဖြစ်ရာ မွန်းလွဲညနေပိုင်းတို့၌ အချို့နေရာများတွင် နေရာကွက်၍ လေပြင်းများတိုက်ခတ်နိုင်သည်။ လေပြင်းကျစဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ မိုင် ၅၀အထိ ခေတ္တမျှတိုက်ခတ်နိုင်ပြီး တစ်ခါတစ်ရံ မိုးသက်လေပြင်းနှင့်အတူ မိုးရွာခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်သည်။ (သတင်းစဉ်)

ဝေနေယျသုခရေချမ်းစင်အသင်း နှစ်(၁၀၀)ပြည့်အစည်းအဝေး

ရန်ကုန် မတ် ၁၉

ရွှေတိဂုံ စေတီတော်မြတ်ကြီးတွင် ၁၂၆၇ခုနှစ်က တည်ထောင်ခဲ့သည့် ရန်ကုန်မြို့ ဝေနေယျသုခ ရေချမ်းစင်အသင်းနှစ်(၁၀၀)ပြည့် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော်၊ အလယ်ပစ္စယာ သောကြာထောင့်၊ မြောက်ဘက်မုခ် စောင်းတန်းအနီး ဝေနေယျသုခဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ အသင်းသားများကြွရောက်ပါရန် ဖိတ်ကြားထားသည်ဟု သိရသည်။ (က-ပ)

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

မြန်မာ့သမိုင်းကို ပြန်လေ့လာကြည့် ရင် တိုင်းရင်းသားများစည်းလုံးညီညွတ် ခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ နိုင်ငံ့ အင်အားခိုင်မာတောင့်တင်းခြင်း၊ စားရေ ရိက္ခာ ကုံလုံကြွယ်ဝခြင်းစတဲ့ နိုင်ငံ တိုးတက်ဖြစ်ထွန်းမှုတွေကို ပေါ်ပေါက် စေတဲ့အကြောင်းအရပ် အခြေအနေတွေ ထဲမှာ အဓိကကျတာကတော့ အင်အား တောင့်တင်းခိုင်မာတဲ့ တပ်မတော် တည်ရှိခဲ့တယ်ဆိုတာပါပဲ။

နှစ်(၆၀)ပြ... အကြို...

ဒေသအသီးသီးကနေ နယ်ချဲ့တွေ...
အပြည့်နဲ့ ပြန်လည်တွန်းလှန် တိုက်...
နယ်ချဲ့တို့ရဲ့ နိုင်ငံရေးအရရော၊ စီ...
သွေးခွဲမှုတွေကြောင့်၊ ဒါ့ပြင် တိုင်းရင်...
အချင်းချင်း ညီညီညွတ်ညွတ် အချိ...
စည်းလုံးမှုအင်အား နည်းခဲ့တာကြေ...
တို့ကို အရှုံးပေးလိုက်ရတာလဲ ပါပါ...

တပ်မတော်အင်အားရှိ၍ တိုင်းပြည်အင်အားရှိခဲ့သည့် ရှေးခေတ်မြန်မာ...

မြန်မာနိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်နယ်နိမိတ်၊ ကိုယ်ပိုင် ယဉ်ကျေးမှုတွေနဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် တည်ရှိခဲ့တာ ကမ္ဘာသိဖြစ်ပါတယ်။ တိုင်းရင်းသားပေါင်းစုံ စုစည်းပါဝင်တဲ့တပ်မတော်ဆိုတာလဲရှေးကာလကတည်းက မြန်မာနိုင်ငံမှာရှိခဲ့တာကို သမိုင်းမှတ်တမ်းတွေက အထင်အရှား ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ အင်အားတောင့်တင်းတဲ့ တပ်မတော် ဖြစ်တည်ခဲ့တဲ့ အခါတိုင်းမှာ တစ်မျိုးသားလုံး စည်းလုံးညီညွတ်ပြီး အေးချမ်းသာယာ စည်ပင်ဝပြောတဲ့ နိုင်ငံတော်ကြီး ဖြစ်ခဲ့တာကိုလဲ သမိုင်းစာမျက်နှာများက ဖော်ပြလို့နေပါတယ်။ အဲဒီခေတ်၊ အဲဒီကာလတွေမှာ မြန်မာနိုင်ငံနဲ့ မြန်မာ့တပ်မတော်ကို ဝန်းကျင်နိုင်ငံတွေက လေးစားခဲ့ကြတာ၊ အလေးထားခဲ့ကြတာတွေကို လေ့လာမှတ်သားခဲ့ရဖူးပါတယ်။

ပထမမြန်မာနိုင်ငံကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းကြီး။

မြန်မာ့သမိုင်းကို ပြန်လေ့လာကြည့်ရင် တိုင်းရင်းသားများစည်းလုံးညီညွတ်ခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ နိုင်ငံ့အင်အားခိုင်မာတောင့်တင်းခြင်း၊ စားရေရိက္ခာ ကုံလုံကြွယ်ဝခြင်းစတဲ့ နိုင်ငံတိုးတက်ဖြစ်ထွန်းမှုတွေကို ပေါ်ပေါက်စေတဲ့ အကြောင်းအရပ် အခြေအနေတွေထဲမှာ အဓိကကျတာကတော့ အင်အားတောင့်တင်းခိုင်မာတဲ့ တပ်မတော် တည်ရှိခဲ့တယ်ဆိုတာပါပဲ။ သာဓကများစွာရှိပါတယ်။

ဥပမာအနေနဲ့ မြန်မာ့သမိုင်းကို အထောက်အထားခိုင်ခိုင်မာမာနဲ့တကွ ကောင်းစွာ လက်လှမ်းမီတဲ့ ပုဂံခေတ်ကို လေ့လာကြည့်ကြပါမယ်။ ပုဂံခေတ်နဲ့ ခေတ်ပြိုင်ကာလမှာ နောင်တစ်ချိန် ကမ္ဘာတစ်လွှား ကိုလိုနီနယ်တွေ ချဲ့ထွင်လို့ သူတို့ကိုယ်သူတို့ နေမဝင်အင်ပါယာပိုင်ရှင်ကြီးရယ်လို့ ဟစ်ဆိုခဲ့လေတဲ့ အင်္ဂလန်နိုင်ငံမှာ အင်္ဂလိပ်လူမျိုးရယ်လို့ ဖြစ်ပေါ်ခြင်း မရှိသေးပါဘူး၊ အင်္ဂလို ဆက်ဆွန် (Anglo Saxon) ဘဝမှာပဲ ရှိသေးကြောင်း လေ့လာတွေ့ရှိရတယ်။ ဒါက အနော်ရထာမင်း နန်းတက်တဲ့ ခရစ်နှစ် ၁၀၄၄ ခုနှစ် ဝန်းကျင်ကပါ။ အဲဒီအချိန်မှာ မြန်မာနိုင်ငံဟာ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုနဲ့ ကိုယ်ပိုင်အချုပ်အခြာ အာဏာပိုင် ပုဂံနေပြည်တော်အဖြစ် ပေါ်ထွန်းလို့ နေပါပြီ။

ပုဂံနေပြည်တော်မှာသာသနာရောင်ဝါထွန်းလင်းခဲ့တာတွေ၊ ဆန်ရေစပါး ပေါကြွယ်ဝလို့ ပြည်သူပြည်သားတွေ စားရေရိက္ခာဖူလုံပြီး အလှူအတန်းတွေပေး၊ ဘုရားပုထိုးစေတီတွေ တည်နိုင်ခဲ့ကြတာကို သမိုင်းမှတ်တမ်းများမှာသာမကဘဲ ယနေ့ထက်တိုင် မျက်မြင်အထင်အရှား တွေ့မြင်နေကြရပါတယ်။

ပုဂံနေပြည်တော်ဟာ ဘာကြောင့် ကမ္ဘာ့အစောဆုံး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေထဲမှာ ပါဝင်ခဲ့ရတာပါလဲ။ **အဲဒီကာလက ပုဂံနေပြည်တော်မှာ လုံခြုံမှုရှိပြီး ကျူးကျော်နှောင့်ယှက်သူတို့ရဲ့ ရန်က ဘာကြောင့် ကင်းဝေးခဲ့ရတာပါလဲ။ အဖြေကတော့ အဲဒီခေတ်ကာလမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့အတူ ခိုင်မာတောင့်တင်းတဲ့ တပ်မတော်ရှိခဲ့လို့ပါပဲ။**

ပုဂံခေတ်မှာ အင်အားတောင့်တင်းတဲ့ တပ်မတော်ရှိခဲ့ကြောင်း သာဓကတစ်ခုအဖြစ် သက်သေပြရရင် ပုဂံခေတ်စစ်သည်တော် လေးသိန်းနဲ့စပ်လျဉ်းလို့ ဖော်ညွှန်းရမှာဖြစ်ပါတယ်။ အနော်ရထာမင်းလက်ထက် ဥသာပဲခူးဘက်မှာ ဂျွမ်းစစ်သည်တွေ ဝင်ရောက်နှောင့်ယှက် သောင်းကျန်းလို့ ဥသာမင်းက အနော်ရထာမင်းထံ အကူအညီတောင်းခဲ့ပါတယ်။ အဲဒီတော့ အနော်ရထာမင်းက စစ်သည်လေးသိန်း လွှတ်လိုက်မယ်ဆိုပြီး ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးဆိုတဲ့ စစ်သူကြီးလေးဦးနဲ့ စစ်သည်အချို့ကိုပဲ လွှတ်လိုက်ပါတယ်။ဤမျှသော ပုဂံစစ်သည်အင်အားနဲ့ ဂျွမ်းစစ်သည်တွေကို ရင်ဆိုင်အောင်မြင်မှာ မဟုတ်ဘူးလို့ ဥသာမင်းက ထင်ခဲ့ပါတယ်။ ဒါပေမယ့် ဂျွမ်းစစ်သည်တွေဟာ ပုဂံစစ်သည်တော်တွေရဲ့ ထိုးနှက်တိုက်ခိုက်မှုကို အန်မတုနိုင်ဘဲ ကစဉ့်ကလျား ထွက်ပြေးခဲ့ကြရပါတယ်။ ဂျွမ်းစစ်သည်တွေဆိုတာ မြန်မာနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်လာတဲ့ ပြည်ပကတပ်တွေပါ။

အကယ်၍သာ ဒီဂျွမ်းစစ်သည်တွေကို မအောင်မြင်ခဲ့ရင် သူတို့တစ်တွေဟာ ဥသာပဲခူးကနေ ပုဂံနေပြည်တော်အထိ ချီတက်ကျူးကျော်လာနိုင်တယ်ဆိုတာ ယုံမှားဖွယ်မရှိပါဘူး။ ဆိုလိုတာကတော့ ပုဂံနေပြည်တော်မှာ တစ်နည်းအားဖြင့် မြန်မာနိုင်ငံမှာ အင်အားတောင့်တင်းတဲ့ တပ်မတော်သာ မရှိခဲ့ရင် နယ်ချဲ့ကျူးကျော်မှု အန္တရာယ်နဲ့ အဲဒီကတည်းက စတင်ကြုံတွေ့နိုင်တယ် ဆိုတာပါပဲ။

တစ်ခါ ၁၆ ရာစုကာလ ဟံသာဝတီခေတ်မှာ မြန်မာနိုင်ငံဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးခိုင်မြဲလို့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်ခဲ့တာတွေ၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲခဲ့တာတွေ၊ အရှေ့တောင်အာရှတစ်လွှားမှာ အင်အားကြီးနိုင်ငံ တစ်နိုင်ငံအဖြစ် ထင်ရှားခဲ့တာတွေ၊ တစ်ဆက်တည်းမှာပဲ တပ်မတော်အင်အား ကြီးမားတောင့်တင်းခိုင်မာခဲ့တာတွေဟာ မြန်မာ့သမိုင်းမော်ကွန်းများမှာ အထင်အရှား ရှိခဲ့ပြီးဖြစ်ပါတယ်။ အထူးသဖြင့် ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့တဲ့ ဘုရင့်နောင်မင်းတရားကြီးလက်ထက်မှာ ဖြစ်ပါတယ်။ အဲဒီကာလမှာ အနောက်နိုင်ငံအချို့က နယ်ချဲ့တွေဟာ မြန်မာနိုင်ငံကို နည်းမျိုးစုံနဲ့ ဝင်ရောက်လာနေကြပါပြီ။ အချို့က ကုန်သည်လို တစ်မျိုး၊အချို့ကချစ်ကြည်ရေးသံတမန်လိုတစ်သွယ် ရောက်ရှိလာကြတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့အဖြစ် စတင်အခြေချလာသူကတော့ ပေါ်တူဂီလူမျိုး ငဇင်ကာ ခေါ် ဖိလစ်ဒီဗရစ်တို ဆိုသူပါပဲ။ အဲဒီနောက် ခရစ်နှစ် ၁၆၂၇ခုနှစ်မှာ မြန်မာနိုင်ငံအတွင်းကို ဒတ်ချ်၊ အင်္ဂလိပ်နဲ့ ပြင်သစ်တွေ ဝင်ရောက်လာကြပါတယ်။ ဒုတိယမြန်မာနိုင်ငံတော်ကြီး အစည်းပြေလို့ တပ်မတော်အင်အားကျဆင်းရတဲ့အချိန်မှာ နယ်ချဲ့တွေ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာခဲ့ခြင်းပဲ ဖြစ်ပါတယ်။

အဲဒီနောက် တတိယမြန်မာနိုင်ငံတည် အလောင်းမင်းတရားလက်ထက်မှာ နယ်ချဲ့တွေဟာ ကုန်သွယ်ကူးသန်းမှုကို အကြောင်းပြုပြီး မြန်မာ့မြေပေါ်ကို ကျူးကျော်မှုတွေ တစ်စတစ်စ တိုးလို့လာပါတော့တယ်။ အင်္ဂလိပ်တွေက အရှေ့အိန္ဒိယကုမ္ပဏီထူထောင်ပြီး မြန်မာပိုင်ဟိုင်းကြီးကျွန်းကို စစ်ရေး၊ စီးပွားရေးအခြေစိုက်စခန်း ဖွင့်ခဲ့ကြပါတယ်။ ပြင်သစ်ကလဲ အင်္ဂလိပ်နဲ့အပြိုင် ကူးသန်းရောင်းဝယ်ရေးလုပ်ဖို့ ဆိုတဲ့ အကြောင်းပြချက်နဲ့ သန်လျင်မှာ ကုန်တိုက်ဖွင့်လာကြပါတယ်။

နောက်တော့ အင်္ဂလိပ်တို့ အရှေ့အိန္ဒိယကုမ္ပဏီရဲ့ လွန်ကျူးလာတဲ့ စီးပွားရေး၊ စစ်ရေးဆိုင်ရာ လုပ်ရပ်များကြောင့် ဟိုင်းကြီးကျွန်းက အင်္ဂလိပ်တွေကို မြန်မာ့တပ်မတော်က ဝင်ရောက်တိုက်ခိုက်ပြီး ဟိုင်းကြီးကျွန်းကို ပြန်လည်သိမ်းပိုက်ခဲ့ရပါတယ်။ အလားတူပဲ သန်လျင်မှာ အခြေချပြီး သစ်ခိုးထုတ်နေတဲ့ ပြင်သစ်တွေကို ၁၇၅၆ ခုနှစ်မှာ အလောင်းမင်းတရားက တိုက်ထုတ်ခဲ့ရပါတယ်။ ပြင်သစ်တို့က သန်လျင်ကို လက်မလွှတ်နိုင်တဲ့အတွက် ၎င်းတို့အာဏာပိုင်ထံ စစ်ကူတောင်းလို့ စေလွှတ်လိုက်တဲ့ စစ်သင်္ဘော သုံးစင်းကိုလဲ မြန်မာ့တပ်မတော်က သိမ်းပိုက်ဖျက်ဆီးနိုင်ခဲ့ပါတယ်။

ဒုတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သည့် ဘုရင့်နောင်မင်းတရားကြီး။

တကယ်တော့ မြန်မာနိုင်ငံဟာ **မြေပေါ်မြေအောက်သယံဇာတပေါကြွယ်ဝပြီး တောတောင်ရေမြေသဘာဝ မှုတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် နယ်ချဲ့တွေဟာ ပေါကြွယ်ဝတဲ့ မြန်မာ့သယံဇာတပစ္စည်းတွေကို မက်မက်မောမော ရယူလိုစောနဲ့ မြန်မာနိုင်ငံအတွင်း ဝင်ရောက် နှောင့်ယှက်နယ်ချဲ့ဖို့ကြိုးစားကြတာပဲ ဖြစ်ပါတယ်။ ဒီတော့ မြန်မာနိုင်ငံမှာ စုပေါင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုတွေ စည်းလုံးညီညွတ်မှုသာ မရှိရင်၊ ပြီးတော့ အင်အားတောင့်တင်းတဲ့ တပ်မတော်သာ မရှိခဲ့ရင် နိုင်ငံ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ဒီလိုပဲ ထိပါးခံနေရဦးမှာ ဖြစ်ပါတယ်။ ဒါက တပ်မတော်အင်အားရှိခဲ့လို့ တိုင်းပြည်အင်အားရှိခဲ့တဲ့ ကာလများရဲ့ သမိုင်းစဉ်မှတ်တမ်းများပဲ ဖြစ်ပါတယ်။**

အဲဒီနောက်ပိုင်း ကာလများမှာတော့ မြန်မာနိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အားကျဆင်းလာတာရယ်၊ တစ်နိုင်ငံလုံး ဖြန့်ကြက်နိုင်တဲ့ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေး စွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ရှိတဲ့ တပ်မတော် မရှိခဲ့တာရယ်ကြောင့် ဘကြီးတော်မင်းတရားလက်ထက် ၁၈၂၄ခုနှစ်မှာ ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲကြီးဖြစ်ပွားပြီး မြန်မာပိုင် အာသံ၊ မဏိပူရ၊ ရခိုင်နှင့် တနင်္သာရီနယ်တွေကို နယ်ချဲ့လက်ထဲ ထိုးအပ်လိုက်ရပါတော့တယ်။

မြန်မာတိုင်းရင်းသားတွေဟာ အမိမြေကို တစ်လက်မမျှ အထိမခံဘဲ မိမိတို့နယ်၊ မိမိတို့

တက္ကသိုလ်မောင်...

နယ်ချဲ့တို့ရဲ့ ဘုဉ်ဆိုးဖြစ်တဲ့ သွေးခွဲသ...
ကို တိုင်းရင်းသားပြည်သူများ သ...
အဖျက်ရန်စွယ်မှန်သမျှကို တပ်မတော်...
တိုက်ခိုက်နိုင်မှသာ ထိရောက်အကျိုး...
ကို ရရှိနိုင်မှာဖြစ်ပါတယ်။

နယ်ချဲ့တွေဟာ ပထမ အင်္ဂလိ...
အပြီးမှာ မြန်မာ့တပ်မတော်ရဲ့ စစ်ရေးစွ...
ရေးစွမ်းရည်နဲ့ စည်းရုံးရေးစွမ်းရည် အ...
ကောင်းစွာသိသွားခဲ့ပြီ ဖြစ်ပါတယ်။ ...
ချက်အတိုင်း မြန်မာနိုင်ငံရဲ့ ကျ...
သိမ်းပိုက်နိုင်ဖို့ ကြိုးစားပါတော့တ...
အကြောင်းပြချက်တွေနဲ့ အပြစ်ရှာ...

ပုဂံမင်းလက်ထက်မှာ ဖြစ်ပါ...
တွေဟာ မော်လမြိုင်၊ စစ်တွေစတဲ့...
မြို့တွေမှာ သစ်၊ ဆန်တွေကို ...
သာမကဘဲ ရန်ကုန်မှာပါ ပြောင်းရွှေ...
အဝယ်လုပ်လာတဲ့ ကာလဖြစ်ပါတယ်...
ကာလ ၁၈၅၀ ပြည့်နှစ်ကုန်ပိုင်းမှာ အင်္ဂ...
နှစ်စင်းဟာ အခွန်မပေးဆောင်လိုဝ...
ပစ္စည်းအချို့ကို တိတ်တဆိတ် သယ်...
ဆိပ်ကမ်းကို ဆိုက်ကပ်လာပါတယ်...
ရန်ကုန်မြို့တော်ဝန် ဦးအုပ်ဟာ အဲဒီ...
ကို ဥပဒေနဲ့အညီ ဖမ်းဆီးအရေး...
ပေးဆောင်စေခဲ့ပါတယ်။ ဒါကို မကေ...
ကပ္ပတိန်နှစ်ဦးဖြစ်တဲ့ လူဝစ်(စ်) န...
တို့က အိန္ဒိယဘုရင်ခံချုပ် လေ...
လှမ်းတိုင်တယ်။ ဘုရင်ခံချုပ်က...
မပေးတဲ့အပြင် ကပ္ပတိန်နှစ်ဦးကို ...
လုပ်တဲ့အတွက် မြန်မာအစိုးရထံက လေ...
ဖို့နဲ့ မြို့ဝန်ကို ပြောင်းပေးဖို့ တော...
ဒါကို ရိုးရိုး သံတမန်နည်းနဲ့ မတောင်း...
လင်းဘတ်ခေါင်းဆောင်တဲ့ ရေတပ်အ...
နဲ့လွှတ်ပြီး တောင်းဆိုပါတယ်။ ပုဂံ...
တို့ရဲ့ တောင်းဆိုချက်ဖြစ်တဲ့ မြို့ဝန်...
ပေးခဲ့ပေမယ့် စစ်မက်ဖြစ်ပွားဖို့ အခ...
အင်္ဂလိပ်တွေဟာ မြန်မာပိုင် ရေနန်းပ...
ကို သိမ်းသွားပါတယ်။

၁၈၅၂ခုနှစ် ဖေဖော်ဝါရီ ရေ...
ဘုရင်ခံချုပ်က မြန်မာမင်းဆီကို ပြင်...
တစ်စောင်ပေးပို့ ပြန်ပါတယ်။ အဲဒီရာ...
စာလာပေးတဲ့ ၎င်းတို့ရဲ့ အရာရှိ ...
ပြုခဲ့ခြင်းအတွက် မြို့ဝန်ကိုယ်တိုင် ဝန်...
သင်္ဘောကပ္ပတိန်နှစ်ဦးကို နစ်နာအော...
လျော်ကြေးငွေ ပေးအပ်ဖို့၊ ပြီးတော...

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

ဒေသအသီးသီးကနေ နယ်ချဲ့တွေကို မျိုးချစ်စိတ်အပြည့်နဲ့ ပြန်လည်တွန်းလှန် တိုက်ခိုက်ခဲ့ကြပေမယ့် နယ်ချဲ့တို့ရဲ့ နိုင်ငံရေးအရရော၊ စီးပွားရေး အရပါ သွေးခွဲမှုတွေကြောင့်၊ ဒါ့ပြင် တိုင်းရင်းသား ညီအစ်ကို အချင်းချင်း ညီညီညွတ်ညွတ် အချိတ်အဆက်မမိဘဲ စည်းလုံးမှုအင်အား နည်းခဲ့တာကြောင့် ခုလိုနယ်ချဲ့တို့ကို အရှုံးပေးလိုက်ရတာလဲ ပါပါတယ်။ ဒါကြောင့်

ရှေးခေတ်မြန်မာနိုင်ငံ

တက္ကသိုလ်မောင်သုလှိုင်

နယ်ချဲ့တို့ရဲ့ ဉာဉ်ဆိုးဖြစ်တဲ့ သွေးခွဲသပ်လျှိုမှုအန္တရာယ်ကို တိုင်းရင်းသားပြည်သူများ သိရှိသတိထားပြီး အဖျက်ရန်စွယ်မှန်သမျှကို တပ်မတော်နဲ့အတူ လက်တွဲတိုက်ခိုက်နိုင်မှသာ ထိရောက်အကျိုးရှိတဲ့ အောင်မြင်မှုကို ရရှိနိုင်မှာဖြစ်ပါတယ်။

နယ်ချဲ့တွေဟာ ပထမ အင်္ဂလိပ်–မြန်မာ စစ်ပွဲအပြီးမှာ မြန်မာ့တပ်မတော်ရဲ့ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နဲ့ စည်းရုံးရေးစွမ်းရည် အားနည်းမှုတွေကို ကောင်းစွာသိသွားခဲ့ပြီ ဖြစ်ပါတယ်။ သူတို့ရဲ့ ရည်မှန်းချက်အတိုင်း မြန်မာနိုင်ငံရဲ့ ကျန်ဒေသတွေကိုပါ သိမ်းပိုက်နိုင်ဖို့ ကြိုးစားပါတော့တယ်။ မခိုင်လုံတဲ့ အကြောင်းပြချက်တွေနဲ့ အပြစ်ရှာပါတော့တယ်။

ပုဂံမင်းလက်ထက်မှာ ဖြစ်ပါတယ်။ နယ်ချဲ့တွေဟာ မော်လမြိုင်၊ စစ်တွေစတဲ့ ကမ်းရိုးတန်းမြို့တွေမှာ သစ်၊ ဆန်တွေကို ရောင်းဝယ်နေရုံသာမကဘဲ ရန်ကုန်မှာပါပြောင်းရွှေ့ပြီး အရောင်းအဝယ်လုပ်လာတဲ့ ကာလဖြစ်ပါတယ်။ အဲဒီ ဝန်းကျင်ကာလ ၁၈၅၀ပြည့်နှစ်ကုန်ပိုင်းမှာ အင်္ဂလိပ်ကုန်သင်္ဘောနှစ်စင်းဟာ အခွန်မပေးဆောင်လိုတဲ့အတွက် ကုန်ပစ္စည်းအချို့ကို တိတ်တဆိတ် သယ်ဆောင်ပြီး ရန်ကုန်ဆိပ်ကမ်းကို ဆိုက်ကပ်လာပါတယ်။ ဒါကြောင့် ရန်ကုန်မြို့တော်ဝန် ဦးအုပ်ဟာ အဲဒီ သင်္ဘောနှစ်စင်းကို ဥပဒေနဲ့အညီ ဖမ်းဆီးအရေးယူပြီး ဒဏ်ငွေပေးဆောင်စေခဲ့ပါတယ်။ ဒါကို မကျေနပ်လို့ သင်္ဘောကပ္ပတိန်နှစ်ဦးဖြစ်တဲ့ လူဝစ်(စ်) နှင့် ရှက်ပက်(ဒ်) တို့က အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလ်ဟိုဇီထံ လှမ်းတိုင်တယ်။ ဘုရင်ခံချုပ်က လျော်ကြေးမပေးတဲ့အပြင် ကပ္ပတိန်နှစ်ဦးကို အရှက်ရအောင် လုပ်တဲ့အတွက် မြန်မာအစိုးရထံက လျော်ကြေးပြန်ပေးဖို့နဲ့ မြို့ဝန်ကို ပြောင်းပေးဖို့ တောင်းဆိုပါတယ်။ ဒါကို ရိုးရိုး သံတမန်နည်းနဲ့ မတောင်းဆိုဘဲ ဗိုလ်မှူးချုပ်လင်းဘတ်ခေါင်းဆောင်တဲ့ ရေတပ်အဖွဲ့ကို စစ်သင်္ဘောနဲ့လွှတ်ပြီး တောင်းဆိုပါတယ်။ ပုဂံမင်းက အင်္ဂလိပ်တို့ရဲ့ တောင်းဆိုချက်ဖြစ်တဲ့ မြို့ဝန်ကို ပြောင်းရွှေ့ပေးခဲ့ပေမယ့် စစ်မက်ဖြစ်ပွားဖို့ အကြောင်းရှာနေတဲ့ အင်္ဂလိပ်တွေဟာ မြန်မာပိုင် ရေနန်းယာဉ်သာသင်္ဘောကို သိမ်းသွားပါတယ်။

၁၈၅၂ခုနှစ် ဖေဖော်ဝါရီ ၈ရက်နေ့မှာ အိန္ဒိယဘုရင်ခံချုပ်က မြန်မာမင်းဆီကို ပြင်းထန်တဲ့ ရာဇသံတစ်စောင်ပေးပို့ ပြန်ပါတယ်။ အဲဒီရာဇသံမှာ မြို့ဝန်ထံ စာလာပေးတဲ့ ၎င်းတို့ရဲ့ အရာရှိ အရှက်ရအောင် ပြုခဲ့ခြင်းအတွက် မြို့ဝန်ကိုယ်တိုင် ဝန်ချတောင်းပန်ဖို့၊ သင်္ဘောကပ္ပတိန်နှစ်ဦးကို နစ်နာအောင်လုပ်တဲ့အတွက် လျော်ကြေးငွေ ပေးအပ်ဖို့၊ ပြီးတော့ ရန်ကုန်ကို

တတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ။

ချီတက်ဖို့ စစ်ပြင်ဆင်ရတဲ့အတွက် ကုန်ကျစရိတ်ငွေဒင်္ဂါးတစ်သန်း ပေးဖို့၊ အင်္ဂလိပ်အစိုးရရဲ့ ကိုယ်စားလှယ်တစ်ဦးကို ရန်ကုန်မြို့မှာ လက်ခံအသိအမှတ်ပြုပေးဖို့ စတဲ့အချက်တွေ ပါပါတယ်။

အဲဒီရာဇသံကို မြန်မာက အကြောင်းပြန်ခြင်း မပြုခဲ့ပါဘူး။ အဲဒီအကြောင်းပြချက်နဲ့ အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲကို အင်္ဂလိပ်တို့ဘက်က စတင်ဆင်နွှဲပါတော့တယ်။

နယ်ချဲ့တို့ မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းပိုက်တဲ့ ဒုတိယအင်္ဂလိပ်–မြန်မာစစ်ပွဲဟာ ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲထက် လွယ်ကူလျင်မြန်တဲ့ စစ်ပွဲတစ်ပွဲလို့ ဆိုရမှာဖြစ်ပါတယ်။ အကြောင်းက နယ်ချဲ့အင်္ဂလိပ်တို့ဟာ အင်အားယုတ်လျော့ ချည့်နဲ့နေတဲ့ မြန်မာ့တပ်မတော်ရဲ့ အခြေအနေကို သိနေလို့ပါပဲ။ နယ်ချဲ့တွေဟာ ပထမအင်္ဂလိပ်–မြန်မာ စစ်ပွဲကတည်းက မြန်မာ့တပ်မတော်မှာ စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေး စွမ်းရည် မပြည့်စုံတာတွေ၊ ပြီးတော့ လက်နက်အင်အား မပြည့်စုံတာတွေကို ကောင်းကောင်းသိခဲ့ပါပြီ။

ဒါကြောင့် ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲနဲ့ ဒုတိယအင်္ဂလိပ်–မြန်မာစစ်ပွဲ ဖြစ်ပွားရခြင်းအကြောင်း၊ ပြီးတော့ စစ်ရှုံးရခြင်းရဲ့ အကြောင်းတရားတွေကို လေ့လာကြည့်ရင် ထိုခေတ် ထိုကာလက အင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ် မရှိခဲ့လို့ဆိုတဲ့ အချက်ကို တွေ့ရမှာဖြစ်ပါတယ်။ တပ်မတော်အင်အားမရှိတဲ့အတွက် ပြည်ပက နှောင့်ယှက်မှုတွေ၊ နယ်ချဲ့ကျူးကျော်မှုတွေဟာ အလွယ်တကူ သွေးတိုးစမ်း ဝင်ရောက်လာကြတာ ဖြစ်ပါတယ်။

မင်းတုန်းမင်း လက်ထက်မှာတော့ ခေတ်မီတပ်မတော်ဖြစ်ရေးနဲ့ အင်အားတောင့်တင်းတဲ့ တပ်မတော်ဖြစ်ရေးအတွက် အစီအမံတွေ ပြုလုပ်လာခဲ့ပါတယ်။ မင်းတုန်းမင်းဟာ နိုင်ငံတော် တည်ဆောက်ရေးအတွက် ၁၈၆၇ ခုနှစ်မှာ စာချုပ်အရ အင်္ဂလိပ် ကုန်သည်တွေထံက လက်နက်တွေဝယ်ယူဖို့ ကြိုးပမ်းခဲ့ပါတယ်။ ဒါကိုသိတဲ့ အိန္ဒိယဘုရင်ခံချုပ်က အင်္ဂလိပ်ကုန်သည်တွေကို မြန်မာဘုရင်ထံ လက်နက်မရောင်းဖို့ တားမြစ်လိုက်ပါတယ်။ ဒါနဲ့ မြန်မာဘုရင်က အီတလီနဲ့ ပြင်သစ်တို့ထံမှ စစ်ဘက်ဆိုင်ရာပစ္စည်းတွေ ဝယ်ယူဖို့ ကြိုးစားပြန်ပါတယ်။ ဒီနေရာမှာလည်း အဲဒီပစ္စည်းတွေသယ်ဖို့ အောက်မြန်မာပြည်ကနေ ဖြတ်သန်းခွင့် မပြုနိုင်ဘူးလို့ အင်္ဂလိပ်ဝန်ရှင်တော်မင်းက တားပြန်ပါတယ်။

တကယ်တော့ အင်္ဂလိပ်အစိုးရဟာ မြန်မာနိုင်ငံကို ခေတ်မီလက်နက်နိုင်ငံဖြစ်လာမှာကိုရော၊ အင်အားတောင့်တင်းတဲ့ တပ်မတော်ရှိလာမှာကိုပါ မလိုလားဘူးဆိုတာ ထင်ရှားတဲ့အချက်ပါပဲ။ ဒါမှလဲ ၎င်းတို့ရဲ့အထက်မြန်မာပြည် သိမ်းပိုက်ရေး အစီအစဉ်ကို အလွယ်တကူစီမံနိုင်မှာဖြစ်ပါတယ်။

တစ်ခါ တစ်ဖက်ကလဲ လက်နက်ဝယ်ယူရေး အခက်အခဲကို ကျော်လွှားနိုင်ဖို့ ကနောင်မင်းသားကြီးက လက်နက်စက်ရုံတည်ပြီးတော့ ခေတ်မီလက်နက်တွေ ထုတ်ဖို့ စီစဉ်ပါတယ်။ ဒါပေမယ့် နန်းတွင်းရေး အရှုပ်အထွေးတွေကြားက အင်္ဂလိပ်နဲ့စစ်မက် ရင်ဆိုင်ရေးမလိုလားသူတွေကြောင့် အဲဒီအစီအစဉ်ကလဲ မအောင်မြင်ခဲ့ပြန်ပါဘူး။ ဒီတော့ ခေတ်မီတပ်မတော်ဖြစ်ရေး၊ အင်အားတောင့်တင်းတဲ့ တပ်မတော်ဖြစ်ရေးအတွက် လိုအပ်တယ်ဆိုတာ သိလျက်နဲ့ အလုမ်းဝေးခဲ့ရပါတယ်။

နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ ရည်မှန်းချက်ဟာ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ရေးပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ သယံဇာတပေါကြွယ်ဝတာကြောင့် မင်းတုန်းမင်း လက်ထက်မှာကတည်းက အင်္ဂလိပ်နဲ့ ပြင်သစ်တို့ဟာ ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အထက်မြန်မာပြည်မှာ ခြေရှုပ်လို့နေကြပါပြီ။ သီပေါမင်းလက်ထက်ရောက်တော့ အင်္ဂလိပ်နဲ့ ပြင်သစ်တို့ဟာ အထက်မြန်မာပြည်မှာ ဈေးကွက် ရရှိဖို့အတွက် အပြိုင်အဆိုင်အလုအယက်ဖြစ်နေကြပါပြီ။ ဒါကြောင့် ၁၈၈၅ခုနှစ် အောက်တိုဘာလ ၂၄ရက်နေ့ထုတ် နယူးယောက်တိုင်း သတင်းစာက

နယ်ချဲ့အင်္ဂလိပ်တို့ဟာ တတိယအင်္ဂလိပ်–မြန်မာစစ်ပွဲကို ၁၅ ရက်သာ ဆင်နွှဲလိုက်ရပြီး အထက်မြန်မာပြည်ကို အလွယ်တကူ သိမ်းပိုက်လိုက်ပါတော့တယ်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ မတရားသိမ်းယူခဲ့တာနဲ့ ပတ်သက်လို့ ဝင်စတန်ချာချီ ရေးသားတဲ့ သူ့ရဲ့အဘိုးဖြစ်သူ ရင်ဒေါ့ဖ်ချာချီ (ထိုစဉ်က အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သူ) အကြောင်းစာအုပ်မှာ “အင်္ဂလိပ်အစိုးရသည် မြန်မာပြည်ကို ပြင်သစ်လွှမ်းမိုးမည်စိုးသဖြင့် ပါလီမန်၏ဆန္ဒနှင့် ဆန့်ကျင်ကာ သဘောတူညီမှုမရရှိဘဲ အတင်းအဓမ္မ မတရားသိမ်းရသည်”လို့ ဖော်ပြထားပါတယ်။ ဒါ့အပြင် အင်္ဂလိပ်နိုင်ငံရေးခေါင်းဆောင် လော့ဒ်ပီးလ်ကလဲ သူ့ရဲ့ “အင်္ဂလန်ပြည်၏ မိတ်ဆွေများ”စာအုပ်မှာ “အင်္ဂလိပ်တို့က အထက်မြန်မာပြည်ကို မတရားသိမ်းယူခြင်းဖြစ်ကြောင်း၊ ယင်းသို့သိမ်းယူခြင်းကို မည်သူမျှ သဘောမတူကြောင်း၊ သို့ရာတွင် မြန်မာများက ပြင်သစ်တို့နှင့် ဆက်ဆံနေသဖြင့် လက်မလွှတ်မိ အဓမ္မသိမ်းပိုက်ရခြင်းဖြစ်ကြောင်း”လို့ ရေးသားထားပါတယ်။

မြန်မာ့သမိုင်းကို ပြန်ကြည့်ရင် ရှေးခေတ် မြန်မာနိုင်ငံမှာ တပ်မတော်အင်အားရှိလို့ တိုင်းပြည်အင်အားရှိခဲ့တဲ့အကြိမ် သုံးကြိမ်နဲ့ တပ်မတော် အင်အားမရှိခဲ့လို့ ရှုံးနိမ့်ခဲ့ရတဲ့ အင်္ဂလိပ်–မြန်မာ စစ်ပွဲကြီး

> ဒါကြောင့် ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲနဲ့ ဒုတိယအင်္ဂလိပ်–မြန်မာစစ်ပွဲ ဖြစ်ပွားရခြင်းအကြောင်း၊ ပြီးတော့ စစ်ရှုံးရခြင်းရဲ့ အကြောင်းတရားတွေကို လေ့လာကြည့်ရင် ထိုခေတ် ထိုကာလက အင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ် မရှိခဲ့လို့ဆိုတဲ့ အချက်ကို တွေ့ရမှာဖြစ်ပါတယ်။ တပ်မတော်အင်အားမရှိတဲ့အတွက် ပြည်ပက နှောင့်ယှက်မှုတွေ၊ နယ်ချဲ့ကျူးကျော်မှုတွေဟာ အလွယ်တကူ သွေးတိုးစမ်း ဝင်ရောက်လာကြတာဖြစ်ပါတယ်။

‘အထက်မြန်မာပြည်သည် ကမ္ဘာတွင် မဖွင့်ရသေးသည့် အကောင်းဆုံး ဈေးကွက်ဖြစ်ကြောင်း၊ ပြင်သစ်တို့သည် ယင်းဈေးကွက်ကို အပိုင်စီးရန် ခြေပုန်း ခုတ်နေကြောင်း၊ အထက်မြန်မာပြည်ကို ကုန်သွယ်ရေးလုပ်ငန်းများအတွက် အသုံးပြုသင့်ကြောင်း၊’ အင်္ဂလိပ်တို့ကို တိုက်တွန်းရေးသားထားတာ တွေ့ရပါတယ်။

အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို ပြင်သစ်တို့ လွှမ်းမိုးသွားမှာကို မလိုလားခဲ့ကြပါဘူး။ ဒါကြောင့် မူလကတည်းက အထက်မြန်မာပြည် သိမ်းယူရေး အစီအမံတွေကိုချထားပြီး ဖြစ်ပါတယ်။ ၁၈၈၅ ခုနှစ် ဧပြီလမှာ အင်္ဂလိပ်ပိုင် ဘုံဘေဘားမားသစ်ကုမ္ပဏီက သစ်ခိုးထုတ်မှုကိစ္စ ဖြစ်ပွားပါတယ်။ မြန်မာအစိုးရကမိလို့ သစ်ကုမ္ပဏီကို ဒဏ်ငွေရိုက်ပါတယ်။ သစ်ကုမ္ပဏီက ဒဏ်ငွေမဆောင်ဘဲ အိန္ဒိယဘုရင်ခံချုပ်ထံ တိုင်ကြားပါတယ်။ အိန္ဒိယဘုရင်ခံချုပ်ဟာ အမှုနဲ့မသက်ဆိုင်တဲ့ “မြန်မာနှင့် နိုင်ငံခြားဆက်သွယ်ရေးကို အင်္ဂလိပ်အား အသိပေးရမယ်” ဆိုတဲ့ အချက်ပါဝင်တဲ့ ရာဇသံကို ပို့ပါတယ်။ မြန်မာအစိုးရက ဒဏ်ရိုက်တဲ့ အမှုကို ရုပ်သိမ်းပေးခဲ့ပေမယ့် အချည်းနှီးဖြစ်ခဲ့ရပါတယ်။ မူလကတည်းက မြန်မာနိုင်ငံကို အဓမ္မသိမ်းပိုက်ရန် အကြံအစည်အတိုင်း နယ်ချဲ့အင်္ဂလိပ်တို့ဟာ အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲကို ဖန်တီးပါတော့တယ်။

သုံးကြိမ်ရှိခဲ့ပါတယ်။ နောက်ဆုံး မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝရောက်ခဲ့ရတဲ့အထိပါပဲ။

တပ်မတော်အင်အားရှိတဲ့ ခေတ်ကာလတိုင်းမှာ မြန်မာနိုင်ငံဟာ ကမ္ဘာ့မြေပေါ်မှာ တိကျတဲ့ နယ်နိမိတ်၊ ခိုင်မြဲတဲ့လုံခြုံမှုနဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် တည်ရှိခဲ့ပါတယ်။ တပ်မတော်ဟာ စွမ်းရည်သုံးရပ်ပြည့်ဝနေသည်နှင့်အမျှ နိုင်ငံတော်မှာ ငြိမ်းချမ်းသာယာခြင်း၊ စားရေရိက္ခာ ပြည့်စုံကြွယ်ဝခြင်း၊ စည်းလုံးညီညွတ်ခြင်းဆိုတဲ့ ရလဒ်ကောင်းတွေ ရရှိနေမှာဖြစ်ပါတယ်။

ဒီလိုစွမ်းရည်ပြည့်ဝတဲ့ တစ်နည်းအားဖြင့် အင်အားရှိတဲ့ တပ်မတော်ရှိနေတာနဲ့အမျှ တိုင်းပြည်ဟာ အစဉ်အမြဲအင်အားရှိနေမယ်ဆိုတာ ရှေးခေတ်မြန်မာ့သမိုင်းဖြစ်စဉ်များအရ ဖော်ညွှန်းဖွင့်ဆို ရေးသားလိုက်ရကြောင်းပါ။ ။

၁၈၂၄ခုနှစ် နယ်ချဲ့အင်္ဂလိပ် ပထမကျူးကျော်စစ်တွင် မဟာဗန္ဓုလ၏ ဦးဆောင်မှုဖြင့် ဘကြီးတော်မင်းတရား၏ မြန်မာ့တပ်မတော်နှင့် ကပ္ပတိန်နော်တင်၏ တပ်တို့ ပန်းဝါဒေသတွင် ရင်ဆိုင်တိုက်ခိုက်ကြပုံကို ဤသို့ ပန်းချီဖြင့် မှတ်တမ်းတင်ခဲ့သည်။

ဝန်ကြီး ဦးအောင်သောင်း ချည်မျှင်နှင့်အထည်စက်ရုံစီမံကိန်း (ပခုက္ကူ) တစ်ခါသုံးဆေးထိုးအပ်နှင့် သွေးကြောသွင်း ဆေးရည်ထုတ်လုပ်ရေးစီမံကိန်းနှင့် ကြွေရည်သုတ်နှင့် စတီးလ်ပစ္စည်းစက်ရုံစီမံကိန်း (ကျောက်ဆည်) ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်း ပခုက္ကူမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ အကောင်အထည်ဖော်လျက်ရှိသည့် ချည်မျှင်နှင့်အထည်စက်ရုံစီမံကိန်း (ပခုက္ကူ) ၏ စက်တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

ရန်ကုန် မတ် ၁၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက် ၁၁ နာရီခွဲတွင် မကွေးတိုင်း ပခုက္ကူမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော ချည်မျှင်နှင့် အထည်စက်ရုံစီမံကိန်း (ပခုက္ကူ)သို့ ရောက်ရှိသည်။

မှာကြား

ရှေးဦးစွာ ဝန်ကြီးသည် အင်ဂျင်နီယာပိုင်းဆိုင်ရာ စက်တပ်ဆင်ခြင်းလုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် ချည်ကတော့စက်လေးလုံး စက်များတပ်ဆင်မှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က စက်တပ်ဆင်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဝါမျိုးကောင်းမျိုးသန့်ရရေး

ဆက်လက်ပြီး ဝန်ကြီးသည် ရက်ကန်းစက်ဌာနသို့ ရောက်ရှိကာ စက်တပ်ဆင်မှု အခြေအနေများကို စစ်ဆေးပြီး ဝန်ကြီးက 'ခ' အဆင့် ဝါမျိုးကောင်းမျိုးသန့် ရရှိရေးအတွက် ယခုကပင် ဝါတောင်သူများနှင့် ညှိနှိုင်းစည်းရုံးသွားရေး၊ ရုံးချုပ်အနေဖြင့်လည်း 'ခ'အဆင့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် စနစ်တကျ အစီအမံများထားရှိသွားရေး မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် ပိတ်စစ်စက် ၁၂လုံးတပ်ဆင်ပြီးစီးမှု အခြေအနေ၊ ပိတ်ခေါက်စက်သုံးလုံး တပ်ဆင်ပြီးစီးမှု စသည်တို့ကို အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက စက်အသစ်များကို ကျွမ်းကျင်စွာကိုင်တွယ်နိုင်ရေး၊ ရေရှည်မျှော်မှန်း၍ မျိုးဆက်သစ်များမွေးထုတ်သွားရေးနှင့် ပြည်ပနိုင်ငံများသို့ ပညာသင်များ ရွေးချယ်စေလွှတ်သွားရေး မှာကြားသည်။

မွန်းလွဲ ၁၂ နာရီခွဲ၌ ဝန်ကြီးသည် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဗာဂျီးနီးယားဆေးလုပ်ငန်းစက်ရုံ ပခုက္ကူ ကုန်ထုတ်လုပ်ရေးဌာနခွဲသို့ ရောက်ရှိပြီး ဗာဂျီးနီးယား အအေးခန်းသိုလှောင်ရုံ ငါးခန်းတွဲ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက အမြန်ပြီးစီးရေး ဆောင်ရွက်ရန်နှင့် မီးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံထား ဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲ ၂နာရီတွင် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်ရောင်းသို့ ရောက်ရှိပြီး မြန်မာ့ဆေးဝါးနှင့်အိမ်သုံး ပစ္စည်းလုပ်ငန်းမှ အကောင်အထည်ဖော်လျက်ရှိသော တစ်ခါသုံး ဆေးထိုးအပ်နှင့် သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေးစီမံကိန်း(အင်ရောင်း) ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက စက်ရုံ တည်ဆောက်ရသည့် ရည်ရွယ်ချက်များ၊ မြို့ပြဆိုင်ရာ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် စက်များ တပ်ဆင်ပြီးစီးမှု၊ စမ်းသပ်ထုတ်လုပ်မှုအခြေအနေများ၊ တစ်ခါသုံး ဆေးထိုးအပ်များ လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးနိုင်မှု အခြေအနေများ၊ ထုတ်လုပ်နိုင်မှု ပမာဏနှင့် ထုတ်လုပ်မှုဆိုင်ရာ စက်ပစ္စည်းများ၊ ထပ်မံဖြည့်ဆည်းသွားမည့် စက်ပစ္စည်းများနှင့် သွင်းအားစု အခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

မွန်းလွဲပိုင်း၌ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အင်ရောင်းရှိ လောကမာန်အောင် စေတီတော်မြတ် ရွှေဂူကြီးဘုရားသို့ရောက်ရှိကာ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းသည်။

ကြွေရည်သုတ်နှင့်စတီးလ်ပစ္စည်း

ထို့မှတစ်ဆင့်ဝန်ကြီးသည်အင်ရောင်းရှိ လောကမာန်အောင် စေတီတော်အနီး မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းမှအကောင်အထည်ဖော်လျက်ရှိသော ကြွေရည်သုတ်နှင့် စတီးလ်အိမ်သုံးပစ္စည်း စက်ရုံစီမံကိန်း (ကျောက်ဆည်)လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှေးဦးစွာ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောင်က ကြွေရည်သုတ်နှင့်စတီးလ် အိမ်သုံးပစ္စည်းစက်ရုံ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ၊ တစ်နှစ်လျှင် ကြွေရည်သုတ်ပစ္စည်းမျိုးစုံ ခုရေ ငါးသန်းနှင့် စတီးလ်အိမ်သုံးပစ္စည်း မျိုးစုံ ခုရေ သုံးသန်း ထုတ်လုပ်ရန်အခြေအနေများ၊ ကုန်ကြမ်းရှာဖွေ သိုလှောင်ရမည့် အခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက သွင်းကုန်အစားထိုး ကြွေရည်သုတ်ပစ္စည်းများနှင့် စတီးလ် အိမ်သုံးပစ္စည်းများကို အမယ်စုံ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် လုပ်ငန်းစီမံကိန်းများအတွက် မြို့ပြဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော်သွားရေး မှာကြားသည်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် (၂၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းအသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသော Isuzu Motors Ltd. က အဓိက ပံ့ပိုးကူညီသည့် ၂၀၀၅ ခုနှစ် (၂၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆုများ ချီးမြှင့်သည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းကစားအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ MPGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက Team Captain ပြိုင်ပွဲတွင် Total Nett ၇၁ချက်ဖြင့် ဒုတိယရရှိသော ဦးသိန်းထွန်း (ကချင်ပြည်နယ်)နှင့် Total Nett ၇၀ချက်ဖြင့် ပထမရရှိသော ဦးထွန်းထွန်း (ကရင်ပြည်နယ်)တို့အား

လည်းကောင်း၊ Isuzu Motors Ltd မှ မြန်မာပြည် ဌာနေကိုယ်စားလှယ် ဦးအေးချိုက တစ်ဦးချင်းအကျောပေး ပြိုင်ပွဲ (Individual Handicap) တွင် Total Nett ၂၇၈ချက်ဖြင့် တတိယရရှိသော မောင်မောင်သန်း(ရခိုင်ပြည်နယ်)၊ Total Nett ၂၇၈ ချက်ဖြင့် ဒုတိယရရှိသော သန့်ဇော်ဦး(ကချင်ပြည်နယ်) နှင့် Total Nett ၂၇၀ချက်ဖြင့် ပထမရရှိသော ထွန်းထွန်းဦး (ရခိုင်ပြည်နယ်) တို့အားလည်းကောင်း၊ Isuzu Motors Ltd. Japan မှ General Manager Mr. Kenji Iida က တစ်ဦးချင်း အကျောမဲ့ပြိုင်ပွဲ (Individual Scratch) တွင် Total Gross ၃၀၇ ချက်ဖြင့် တတိယရရှိသော Derek Htet Doe (ရန်ကုန်တိုင်း)၊ Total Gross ၃၀၃ ချက်ဖြင့် ဒုတိယရရှိသော နေဗလဝင်းမြင့် (ရန်ကုန်တိုင်း) နှင့် Total Gross ၂၉၅ချက်ဖြင့် ပထမရရှိသော နိုင်နိုင်လင်း (ရန်ကုန်တိုင်း) တို့အားလည်းကောင်း ဆုများကိုချီးမြှင့်ပေးအပ်လိုက်သည်။

ဆက်လက်၍ MPGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က အသင်းလိုက် အကျောပေးပြိုင်ပွဲ (Team Handicap) တွင် Total Nett ၈၄၇ ချက်ဖြင့် ဒုတိယရရှိသော ရခိုင်ပြည်နယ်အသင်းနှင့် အသင်းလိုက် အကျောမဲ့ပြိုင်ပွဲ (Team Scratch) တွင် Total Gross ၉၅၂ ချက်ဖြင့် ဒုတိယရရှိသော မန္တလေးတိုင်းအသင်းတို့အား ဆုများကို ချီးမြှင့်ပေးအပ်လိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အသင်းလိုက် အကျောပေး (Team Handicap) ပြိုင်ပွဲတွင် Total Nett ၈၄၂ချက်ဖြင့် ပထမရရှိသော ပဲခူးတိုင်းအသင်းနှင့် အသင်းလိုက် အကျောမဲ့ (Team Scratch) ပြိုင်ပွဲတွင် Total Gross ၉၀၄ ချက်ဖြင့် ပထမရရှိသော ရန်ကုန်တိုင်းအသင်းတို့အား တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ပေးအပ်လိုက်သည်။

(ဝဲပုံ)

ဆက်လက်၍ Isuzu Motors Ltd. မှ General Manager Mr. Kenji Iida က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီသို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅၀၀ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်က လက်ခံပြီး မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်သို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅၀၀ကို MPGA နှင့် MGF အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက လက်ခံကာ ရန်ကုန်ဂေါက်ကလပ်သို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀ ကို ရန်ကုန်ဂေါက်ကလပ်မှ ဦးခိုင်စိုးသာက လက်ခံသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၃-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၀ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ ဂုံညင်းတန်းတံတား
၈:၂၀ ၈။ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Say it in English.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ပန်းမေတ္တာ (အပိုင်း-၂၁)**
၁၂:၁၅ ၅။ ဆွေးနွေးဖွေရှာ ကွန်ပျူတာနည်းပညာ အပိုင်း-၂
၁၂:၃၀ ၆။ **မြန်မာရုပ်ရှင် "ဇေလည်းမွှေးကြွေလည်းမွှေး" (ကျော်ဟိန်း၊ ဒွေး၊ တင့်တင့်ထွန်း၊ မြင့်မြင့်ခိုင်) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)**
၂:၄၅ ၇။ International News.
၃:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၅ ခုနှစ်)
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၅:၁၅ ၆။ မြန်မာစာ၊မြန်မာစကား
၅:၃၀ ၇။ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၉။ ညနေခင်းသတင်း
၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ (အပိုင်း-၈)**
၇:၃၀ ၁၂။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၇:၄၀ ၁၃။ အမျိုးသားညီလာခံဂုဏ်ပြုတေး
၇:၅၀ ၁၄။ ပြည်သူ့အတွက်တပ်မတော် "တပ်မတော်သည် ပြည်သူ့အတွက်"
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၂၈)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

အကြမ်းဖက်အဖျက်သမားများ၏ အဖျက်လုပ်ရပ်ကြောင့် ပေါက်ကွဲမှုအချို့ဖြစ်ပွား ပြည်သူများ လုံခြုံရေးသတိဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထား

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၄)ရပ်ကွက် ပန်းဆိုးတန်းလမ်းရှိ PANORAMA ဟိုတယ် တတိယထပ် အခန်းအမှတ် (၃၀၉) သန့်စင်ခန်းအတွင်း မတ် ၁၉ ရက် နံနက် ၁ နာရီ ၁၅ မိနစ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၉

၂၀၀၅ ခုနှစ် ဇန်နဝါရီ လဆန်းမှစ၍ မြန်မာနိုင်ငံနှင့် တစ်ဖက်နိုင်ငံ နယ်စပ်ဒေသရှိ ပြည်ပြေးအကြမ်းဖက်အဖျက်သမားများက မြန်မာနိုင်ငံအတွင်း ဖောက်ခွဲဖျက်ဆီးမှုများ တိုးမြှင့်ဆောင်ရွက်ရန် စီမံနေကြောင်း သတင်းများကို ကြိုတင်ရရှိခဲ့ပါသည်။

NLD(LA) က ဖောက်ခွဲဖျက်ဆီးရေးသမားတစ်ဦးကို ဖောက်ခွဲ ဖျက်ဆီးရေးပစ္စည်းများနှင့်အတူ ထိုင်းဘတ်ငွေ ၈၀၀၀ ပေးပြီး ၂၀၀၅ ခု ဇန်နဝါရီ လဆန်းအတွင်းက လည်းကောင်း၊ ABSDF အဖွဲ့က ဖောက်ခွဲဖျက်ဆီးရေးသင်တန်းပေးပြီးသူ ၎င်းတို့အဖွဲ့ဝင် ဖောက်ခွဲဖျက်ဆီးရေးသမား သုံးဦးကို ဖောက်ခွဲ ဖျက်ဆီးရေးပစ္စည်းများနှင့်အတူ ဇန်နဝါရီ နောက်ဆုံးပတ်တွင်လည်းကောင်း မြန်မာနိုင်ငံအတွင်းသို့ စေလွှတ်ခဲ့ကြောင်း သတင်းများ ရရှိခဲ့သည်။

ထို့အတူ ပြည်ပြေး အကြမ်းဖက်အဖျက်သမားများဖြစ်သော NCUB, FTUB, ဗကပ(UG)နှင့် စွမ်းအားမြင့်ကျောင်းသား စစ်သည်တော်များအဖွဲ့တို့ကလည်း အကြမ်းဖက် အဖျက်သမားများ စုဆောင်းခြင်း၊ ၎င်းတို့အား ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ ပေးခြင်း၊ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ စုဆောင်းခြင်းတို့ကို စီမံဆောင်ရွက်နေကြောင်း၊ သင်တန်းဆင်းပြီးသူများအား အဖွဲ့များ ခွဲခြားဖွဲ့စည်းကာ ဖောက်ခွဲဖျက်ဆီးမှုများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံအတွင်းသို့ လမ်းကြောင်းများခွဲ၍ စေလွှတ်လျက်ရှိကြောင်း၊ ဖောက်ခွဲမှုအောင်မြင်ပါက ဆုငွေအဖြစ် ဒေါ်လာနှင့် အခြားနိုင်ငံခြားသုံးငွေပေးမည်ဟု မက်လုံးပေး စည်းရုံးထားကြောင်း သတင်းများ ရရှိခဲ့သည်။

သို့ပါ၍ လုံခြုံရေးဆိုင်ရာ တာဝန်ရှိဌာနများနှင့် ဝန်ထမ်းများသည် လုံခြုံရေး အစီအမံများဖြင့် အလေးထား ကြပ်မတ် ဆောင်ရွက်ခဲ့ကြသည်။ ပြည်သူများကိုပါ အသိပေးကာ ပြည်သူတို့၏ သတင်းပေးမှု၊ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှုများရအောင် ဆောင်ရွက်ခဲ့ရာ ပြည်သူများကလည်း သတင်းပေးခြင်း၊ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ခြင်းများ ပြုခဲ့ကြသည်။ တာဝန်သိပြည်သူများ၏ ကြိုတင်သတင်းပေးမှုအရ တနင်္သာရီတိုင်းရှိ တနင်္သာရီတံတားကို ဖောက်ခွဲဖျက်ဆီးရန် ABSDFမှ စေလွှတ်လိုက်သော အကြမ်းဖက်ဖောက်ခွဲရေးသမား ဝင်းအောင် (၃၂)နှစ်အား ၅-၂-၂၀၀၅ ရက်နေ့တွင် တနင်္သာရီမြို့၌ ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ တောင်ဥက္ကလာပမြို့နယ် ရွှေမန်းသူကားဂိတ်၌ ရပ်တန့်ထားသော မကွေး-ရန်ကုန်-ပုသိမ်ပြေးဆွဲသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ မသင်္ကာဖွယ် သားရေပိုက်ဆံအိတ်တစ်လုံးကို ၁၆-၃-၂၀၀၅ ရက်နေ့က သိမ်းဆည်း ရမိခဲ့သည်။ ၎င်းပိုက်ဆံအိတ်ကို လုံခြုံရေး တာဝန်ရှိသူများက စစ်ဆေးရာ နာရီတစ်လုံး၊ ဓာတ်ခဲအသေးနှစ်လုံး၊ ဒစ်တိုနေတာ တစ်ခု၊ ဝါယာကြိုးနှင့်ယမ်းထုပ်များဖြင့် စနစ်တကျ ပြုလုပ်ထားသော ချိန်ကိုက်မိုင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ၎င်းချိန်ကိုက်မိုင်းကို လုံခြုံရေးတာဝန်ရှိသူများက ကြိုတင်ရှင်းလင်းနိုင်ခဲ့သဖြင့် ပေါက်ကွဲမှု တစ်စုံတစ်ရာမရှိခဲ့ပါ။

ယင်းသို့ အဖျက်လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိစေရန် လုံခြုံရေး တာဝန်ရှိသူများနှင့် ပြည်သူလူထုက ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း တောင်ဥက္ကလာပမြို့နယ် ပါရမီကားဝင်းအတွင်း မတ် ၁၇ ရက် ည ၉ နာရီ မိနစ် ၄၀ တွင် ပေါက်ကွဲမှု တစ်ခု ဖြစ်ပွားခဲ့သည်။ ဖြစ်ပွားပုံမှာ ၎င်းကားဝင်းအတွင်း ညအိပ် ရပ်နားထားသော မကွေး-ရန်ကုန်-ပုသိမ် ပြေးဆွဲသည့် ယာဉ်အမှတ် ဖခ/ဖ၄၂၄ ပေါ်၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ယာဉ်၏ ညာဘက်ခြမ်း ကိုယ်ထည် တစ်ပေ ပတ်လည်ခန့် ပွင့်ထွက်ကာ ထိုင်ခုံအချို့နှင့် ပြတင်းတံခါးမှန် အချို့ ပျက်စီးသွားခဲ့သည်။ လူတစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရခြင်း မရှိခဲ့ပါ။

တောင်ဥက္ကလာပမြို့နယ် ပါရမီကားဝင်းအတွင်း မတ် ၁၇ ရက် ည ၉ နာရီ မိနစ် ၄၀ တွင် မကွေး-ရန်ကုန် - ပုသိမ် ပြေးဆွဲသည့် ယာဉ်အမှတ် (ဖခ/ဖ၄၂၄) ပေါ်၌ ပေါက်ကွဲမှု ဖြစ်ပွားရာ မော်တော်ယာဉ်၏ ယာဘက်ခြမ်းကိုယ်ထည် ပျက်စီးသွားသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် ရွှေမန်းသူကားဂိတ်၌ ရပ်တန့်ထားသော မကွေး-ရန်ကုန်-ပုသိမ် ပြေးဆွဲသည့် မော်တော်ယာဉ်ပေါ်မှ ၁၆-၃-၂၀၀၅ ရက်က သိမ်းဆည်းရမိသော မသင်္ကာဖွယ်သားရေပိုက်ဆံအိတ် အညီဖြင့်ပြုလုပ်ထားသည့် လက်လုပ်ချိန်ကိုက်မိုင်းကို တွေ့ရစဉ်။

(သတင်းစဉ်)

ထို့ပြင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၄)ရပ်ကွက် ပန်းဆိုးတန်းလမ်း PANORAMA ဟိုတယ် တတိယထပ်ရှိ အခန်းအမှတ် (၃၀၉) အတွင်း၌ မတ် ၁၉ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့သည်။ ယင်းပေါက်ကွဲမှုကြောင့် သန့်စင်ခန်းအတွင်းရှိ ရေချိုးကန်၊ လက်ဆေးကန်၊ သန့်စင်ခန်း မျက်နှာကြက်နှင့် သန့်စင်ခန်းတံခါးတို့ ပျက်စီးခဲ့သည်။ လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိပါ။

ထိုဖောက်ခွဲဖျက်ဆီးမှုများ ကျူးလွန်ခဲ့ကြသည့် အကြမ်းဖက်အဖျက်သမားများကို ဖမ်းဆီးရမိနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်၊ ပြည်သူများ ထိတ်လန့်ချောက်ချားစေရန်နှင့် ပြည်သူများ၏ အလုပ်အကိုင်များ ပျက်ပြားစေရန် လုပ်ဆောင်နေကြသည့် အကြမ်းဖက်အဖျက်သမားများကို ကြိုတင်ဖော်ထုတ် ဖမ်းဆီးနိုင်ရေးအတွက် ပြည်သူအားလုံးက မသင်္ကာဖွယ်ရာများတွေ့ရှိပါက အချိန်မီ သတင်းပေးပို့ပြီး တာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြရန်နှင့် လုံခြုံရေးသတိ ထားရှိကြရန် သက်ဆိုင်ရာက တိုက်တွန်း နှိုးဆော်ထားသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် ပါရမီကားဝင်းအတွင်း မတ် ၁၇ ရက် ည ၉ နာရီ မိနစ် ၄၀ တွင် မကွေး-ရန်ကုန်-ပုသိမ်ပြေးဆွဲသည့် ယာဉ်အမှတ် (ဖခ/ဖ၄၂၄) ပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားရာ မော်တော်ယာဉ်၏ ထိုင်ခုံတန်းတစ်ခု ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။

(သတင်းစဉ်)



မိုးကုတ်မြို့နယ် ရေပူ-ညောင်သုံးပင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် မတ် ၁၉

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အလှူရှင် ဦးအောင်စိုးဦး-ဒေါ်ချိုချိုထွန်း မိသားစုတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ရေပူ-ညောင်သုံးပင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၂ ရက် နံနက်ပိုင်းတွင် ဖွင့်ပွဲမှခ်ဦး၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချို၊ အလှူရှင်မိသားစုမှ ဦးတင်ဆင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရေပူ-ညောင်သုံးပင် ကတ္တရာလမ်းမှာ အကျယ် ၁၀ ပေ အရှည်ပေ ၂၈၀၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းသည် မြေသယံဇာတ၊ရေသယံဇာတ သဘာဝအခြေခံကောင်းများရှိ ဌာနဆိုင်ရာဝန်ထမ်းများသည် တာဝန်ကျေရုံသက်သက်သာ လုပ်ဆောင်နေရုံဖြင့်မရ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုမှာကြား

ရန်ကုန် မတ် ၁၉

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မတ် ၁၁ ရက်တွင် တနင်္သာရီတိုင်း မြိတ်မြို့ရှိ တိုင်းစစ်ဌာနချုပ်ခန်းမ၌ တနင်္သာရီတိုင်းမှ တိုင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးပြီး တနင်္သာရီတိုင်း၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

ဆွေးနွေးပွဲတွင် ဝန်ကြီးဌာန အသီးသီးမှ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာ ဌာနအလိုက် ဆောင်ရွက်နိုင်မှု အခြေအနေ၊ အကြီးအကဲများ၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

သုံးသပ်

ထို့နောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်တင်ပြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး အမှာစကား ပြောကြားရာတွင် တနင်္သာရီတိုင်းသို့ ရောက်ရှိလာခြင်းမှာ တိုင်း၏တင်ပြချက် စာရင်းဇယားများနှင့်အညီ အမှန်တကယ် တိုးတက်မှုရှိ၊ မရှိနှင့် လိုအပ်သည်များကို ဖြည့်ဆည်းပေးရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် တိုးတက်သင့်သလောက် တိုးတက်လာသည်ကိုလည်း တွေ့ရှိရကြောင်း၊ ထိုသို့ တိုးတက်လာခြင်းမှာ သက်ဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်သည်ဟု သုံးသပ်နိုင်ကြောင်း၊ ဆက်လက်၍ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ကျရာဒေသသို့ တိကျစွာ သွားရောက် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည့်အပြင် အောက်ခြေအထိ ကွင်းဆင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းသည် မြေသယံဇာတ၊ ရေသယံဇာတစသော သဘာဝအခြေခံကောင်းများရှိသဖြင့် မြန်မာနိုင်ငံ၏ အားထားရာ တိုင်းကြီးတစ်တိုင်းဖြစ်လာမည်ဟု နိုင်ငံတော် အကြီးအကဲက မျှော်မှန်းထားသော တိုင်းကြီးတစ်တိုင်းဖြစ်ကြောင်း။

မျှော်မှန်းထား

ထို့ကြောင့် တနင်္သာရီတိုင်းအနေဖြင့် နိုင်ငံတော်အကြီးအကဲက မျှော်မှန်းထားသည့်အတိုင်း ဖြစ်လာအောင် အခြေအနေပေးသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများသည် တာဝန်ကျေရုံသက်သက်သာ လုပ်ဆောင်နေရုံဖြင့် မရကြောင်း၊ မိမိတို့ ကျရာတာဝန်ကို စေတနာထား၍ ကျွမ်းကျင်ပိုင်နိုင်စွာ ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် ကတန်ကျွန်း ပတ်လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ကျွန်းပတ်လမ်းပေါ် ဖြတ်သန်းကြည့်ရှု၍ ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကောင်းမွန်လာ

ယခင်က တနင်္သာရီတိုင်းသည် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နှောင့်နှေး ကြန့်ကြာခဲ့ရကြောင်း၊ ယခုအခါ တနင်္သာရီတိုင်း တစ်တိုင်းလုံး လေကြောင်း၊ရေကြောင်း၊ ကုန်းကြောင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာပြီဖြစ်ရာ ဒေသဖွံ့ဖြိုးရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ကြပြီ ဖြစ်ကြောင်း။

တွေ့ဆုံဆွေးနွေး

ထို့ကြောင့် ဌာနဆိုင်ရာ ဝန်ထမ်းများသည် နိုင်ငံတော်၏ တာဝန်များကို အလေးအနက်ထား ဆောင်ရွက်ကြရမည့်အပြင် ဒေသ၏ အားနည်းချက်၊ အားသာချက်များကိုစနစ်တကျသုံးသပ်လေ့လာ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပြည်သူတို့အား စည်းရုံးဦးဆောင်၍ နမူနာကောင်းများ ပြသကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ထားကြစေရန် ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားကာ တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မြိတ်မြို့မှ ရေယာဉ်များဖြင့် ကတန်ကျွန်းရှိ ကျွန်းစုမြို့သို့သွားရောက်ကြသည်။

ယင်းနောက် ကျွန်းစုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ကျွန်းရတနာခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်နှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး ဒေသဖွံ့ဖြိုးရေး ဆိုင်ရာများကို မှာကြားသည်။

ကျေနပ်အားရ

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် ကျွန်းစုမြို့နယ်သို့ ဒေသဖွံ့ဖြိုးမှု အခြေအနေ၊ ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးရမည့် အခြေအနေတို့ကိုသိရှိဖြည့်ဆည်းပေးရန် ရောက်လာခြင်း ဖြစ်ကြောင်း၊ ကျွန်းစုမြို့၏ ဖွံ့ဖြိုးတိုးတက်နေမှုကို ကျေနပ်အားရကြောင်း၊ ဆက်လက်၍လည်း မိမိတို့ဒေသ ဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ညီလက်ညီ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပံ့ပိုးဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းညှိနှိုင်းရှာဖွေကြရန်ဖြစ်ကြောင်း၊ ဤဒေသ၏ လိုအပ်ချက်များကို အဆင့်ဆင့် တင်ပြကြရန် ဖြစ်ကြောင်း။

ပူးပေါင်း

နိုင်ငံတော် အကြီးအကဲ၏ စေတနာနှင့် မှန်ကန်သော ဦးဆောင်မှု၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူတို့၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ယခုအခါ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ကျွန်းစုမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး ကဘင်းချောင်းကျေးရွာ၌ ကျင်းပသော ကတန်ကျွန်း ပတ်လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရင်းရင်းနှီးနှီး

ဆက်လက်၍ ကတန်ကျွန်းပတ်မြေသားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာကြပြီးလမ်းတစ်လျှောက်ရှိ ကျေးရွာများကို မော်တော်ယာဉ်ဖြင့်လှည့်လည် ကြည့်ရှု၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး တာရပိုင်း ကျေးလက်ကျန်းမာရေးဌာနခွဲရုံးသို့ ရောက်ရှိသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဒေသဖွံ့ဖြိုးရေး၊ လူငယ်များအား အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာကြစေရန် ပညာသင်ကြားရေး၊စီးပွားဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်ရေး၊ ပြည်သူများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှု အပြည့်အဝဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ကတန်ကျွန်းပတ်မြေသားလမ်းမှ ကျွန်းစုမြို့သို့ မော်တော်ယာဉ်များဖြင့်ထွက်ခွာကြကာ ကျွန်းစုမြို့မှ မြိတ်မြို့သို့ ရေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြသည်။

(သတင်းစဉ်)

သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်

ကျောက်တံတားမြို့နယ် အမှတ် (၆) အခြေခံပညာမူလတန်းကျောင်း ၂၀၀၄-၂၀၀၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့်သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၁၂ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်က ကျောင်းသူတစ်ဦးအား လက်မှတ်ပေးအပ်စဉ်။

(က-ပ)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့
(၂၀၀၅)ခုနှစ် မတ်လ(၂၄)ရက်
“Frontline TB Care Providers:
Heroes in the Fight Against Tuberculosis”
“ကိုယ်တိုင်တိုက်ကျေး၊ တီဘီဆေး၊ ရှေ့တန်းကထား၊ စေတနာရှင်များ”
■ရက်သတ္တပတ်(၃)ပတ် ကျော်၍ချောင်းဆိုးလျှင် နီးစပ်ရာကျန်းမာရေး ဌာနတွင် စစ်ဆေးပါ။
■တီဘီလူနာများအား အစွမ်း ထက်မြက်သောတီဘီဆေးဝါး များဖြင့် **အခမဲ့** ကုသပေး နေပါသည်။
■“တိုက်ရိုက်ကြီးကြပ်မှုအခြေခံတို နှင့်ကု” နည်းဖြင့် ကုသလျှင် တီဘီရောဂါ ပျောက်ကင်း ပါသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၃-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	**ဆရာတော်ဦးသောဘိတ တရားတော် - သစ္စဉာဏ်၊ ကစ္စဉာဏ်၊ ကတဉာဏ်**
၉း၁၀	၁၀။	အပိတ်နှုတ်ဆက်စကား
၉း၁၁	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	**မမှောင်သောအလင်း (အပိုင်း-၅)**
၅း၄၅	၅။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၆။	အမေးကမ္ဘာတွေးစရာ
၆း၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၈။	နိုင်ငံတကာသတင်း
၆း၂၀	၉။	မိုးလေဝသသတင်း
၆း၂၅	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၁။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရင်မှာတိုးတှေ့မွှေးနေဆဲ" (အပိုင်း-၁၆)**
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။	မြန်မာ့ရှုခင်း
	၁၆။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၇။	**English Premier League ဘောလုံးပွဲ -Liverpool Vs Everton**
	၁၈။	သင့်အတွက်မနက်ဖြန်
	၁၉။	အပိတ်နှုတ်ဆက်စကား
	၂၀။	ပြီးပါပြီ။

ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်မှု စည်ပင်ညွှန်ချုပ် စစ်ဆေး

မော်ဘီ မတ် ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် မတ်၆ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းအတွင်း မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ဖောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှင်းလင်းတင်ပြ

ရေးဦးစွာ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ကြာအင်းအရှေ့-ညောင်နှစ်ပင် ဆက်သွယ်သည့် လမ်းမကြီးနှင့် ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ဆုံမည့် နေရာအား ရောက်ရှိရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်တို့က ခရိုင်ချင်းဆက်လမ်းနှင့် ညောင်နှစ်ပင် ဆက်သွယ်သည့် လမ်းမကြီးဆုံမည့် နေရာအား မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ဝါးနက်ချောင်းကျေးရွာ လမ်းဆုံမှ ကြာအင်း(အနောက်) ကျေးရွာနှင့် အမှတ်(၃) လမ်းမကြီးတို့ ဆက်သွယ်မည့် လမ်းကို စည်ပင်သာယာရေးဦးစီးဌာနပိုင် စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအား ရှင်းလင်းတင်ပြသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ဆောင်ရွက်ပြီးစီးပါက မော်ဘီမြို့နယ်ရှိ ဝါးနက်ချောင်းကျေးရွာ၊ အခြားကျေးရွာအုပ်စုများနှင့် ညောင်နှစ်ပင်ဒေသ စိုက်ပျိုးမွေးမြူရေး အထူးဇုန်သို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည့်အပြင် ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်း မြို့နယ်များ ဆက်သွယ်သွားလာရာတွင် မော်ဘီ၊ ထောက်ကြန့်မြို့များသို့ ဖြတ်သန်းရန်မလိုဘဲ အမှတ်(၃) လမ်းမကြီးမှတစ်ဆင့် ရန်ကုန်မြို့အတွင်းသို့ အချိန်တိုအတွင်း တိုက်ရိုက်သွားလာနိုင်မည်ဖြစ်သည်။

(နယ်စပ်စည်ပင်)



ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

မတ် ၂ရက်က မြိတ်မြို့နယ် နန်းတော်ရာကျေးရွာ အောင်ဇေယျ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားတွင် မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဇော်တို့ စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

မတ် ၃ ရက်က ရွှေဘိုမြို့နယ် လိပ်ချင်းကျေးရွာ စက်ရေတွင်း တည်**ဆောက်ပြီးစီးမှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ရှင်းလင်းပြသစဉ်။** (မြို့နယ်စည်ပင်)

ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပမည်

စစ်တွေ မတ် ၁၆

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြံသဲ့သမဝါယမအသင်းလီမိတက်မှစုစည်း၍ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို စစ်တွေမြို့တွင် ဧပြီ ၂၈ ရက်မှ မေ ၂ ရက်အထိ မြို့တော်ခန်းမ၌လည်းကောင်း၊ မြောက်ဦးမြို့တွင် မေ ၆ ရက်မှ ၁၀ ရက်အထိ အားကစားကွင်း၌လည်းကောင်း၊ ကျောက်ဖြူမြို့တွင် မေ ၁၄ရက်မှ ၁၈ရက်အထိ အားကစားကွင်းတွင်လည်းကောင်း နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပါဝင်ရောင်းချမည်

အဆိုပါ ကုန်စည်ပြပွဲနှင့်ဈေးရောင်းပွဲတော်၌ ဆပ်ပြာအမျိုးမျိုး၊ ငါးသေတ္တာဘူးများ၊ ဓာတ်ဆီများ၊ အလှကုန်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ဖိနပ်အမျိုးမျိုး၊ ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာများ၊ စက်မှုလက်မှုနည်းပညာဆိုင်ရာပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေး အမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ သမဝါယမအသင်းများမှထုတ်လုပ်သော လူသုံးကုန်ပစ္စည်းများကို ပြပွဲလာပြည်သူများအား အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ပါဝင်ပြသလိုသော ကုမ္ပဏီများ၊ သမဝါယမအသင်းများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များသည် ရန်ကုန်တိုင်း ရွှေခြံသဲ့သမဝါယမအသင်း လီမိတက် အဆောင်(၂) ပထမထပ် မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး (စီ)ရုံ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၈၀၀ (လိုင်းခွဲ) ၃၉၄၊ ၄၀၈၊ ရုံးချိန်ပြင်ပ ဖုန်း-၆၃၆၅၀၉ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(သမဝါယမ)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ကော့ကရိတ် မတ် ၁၇

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် တောင်ကြာအင်းရွာ တောင်ပေါ်ကျောင်းတိုက် ပဓာနဆရာတော် ဦးဥတ္တရအား အမှူးထား၍ (၅)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကို မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ ရွှေစက်တော် အရှင်သုန္ဒရနှင့် ဓမ္မကထိက ဆရာ ဦးသန့်ဇင် (အဖွဲ့ချုပ်) တို့က ဟောကြားမည်ဖြစ်သည်။

(က-ပ)

တွံတေးမြို့နယ် နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက် ညွှန်ကြားရေးမှူး) ဦးသန်းလင်းထွန်းတို့ ကြီးကြပ်၍ ဈေးကြီးရှေ့ ရေနုတ်မြောင်းအား ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဇန်နဝါရီ ၂၉ ရက်က တပ်မတော်သားများ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အသောကလမ်းနှင့် ကုမုဒြာလမ်း ကတ္တရာလမ်းသစ်ဖွင့်

နမ့်ခမ်း မတ် ၁၀

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော အသောကလမ်းနှင့် ကုမုဒြာလမ်း (မြို့ပြလမ်း) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါ မုခ်ဦး၌ ကျင်းပသည်။

အဆိုပါလမ်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်လှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ အသောကလမ်းသည် ပေ ၁၆၆၀ အား စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၃၄၉၀၀၀၀ နှင့် ကုမုဒြာလမ်း ပေ ၆၀၀ အား စည်ပင်သာယာရေး အဖွဲ့ရန်ပုံငွေကျပ် ၁၇၃၀၀၀၀ ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျောက်ချောလမ်းမှ ကတ္တရာလမ်းသို့ တိုးမြှင့်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(နယ်စပ်စည်ပင်)**

သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်မှ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်း ညွှန်ကြားရေးမှူး ဦးမြင့်စိန်နှင့် ရန်ကုန်တိုင်း သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ ဖေဖော်ဝါရီ ၂၈ ရက်က တိုက်ကြီးမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်းလုပ်ငန်းများဖြစ်သည့် ပျိုးဥယျာဉ် တည်ထောင်ခြင်းလုပ်ငန်းနှင့် စိုက်ခင်းများ စစ်ဆေးစဉ်။ (၅၂၆)

ကြီးကြပ်ဆောင်ရွက်

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမြင့်လွင်နှင့် ပျိုးဥယျာဉ် ဝန်ထမ်းများ ဖေဖော်ဝါရီ ၁ ရက်က ပန်းအလှပင်များ ပျိုးထောင်ခြင်း၊ ပျိုးထုပ်ခြင်း၊ ပေါင်းရှင်းခြင်း ဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ပခုက္ကူဒေသ ဘက်စုံပိုမိုဖွံ့ဖြိုးရေး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စီစဉ်ဆောင်ရွက်နေ ဒေသပိုမိုဖွံ့ဖြိုးရေးနှင့်ဆန်ဖူလုံရေး တာဝန်ရှိသူအဆင့်ဆင့် ပူးပေါင်းဆောင်ရွက်ရန်လို

ရန်ကုန် မတ် ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၈ ရက် နံနက်ပိုင်းတွင် မကွေးမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာကြရာ ပခုက္ကူမြို့သို့ နံနက် ၁၁နာရီတွင် ရောက်ရှိကြသည်။

ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်မြေခံတပ်မဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မကွေးတိုင်း ပခုက္ကူခရိုင် စပါးတိုးရဲ့ စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက **စာမျက်နှာ ၆ ကော်လံ ၁ သို့** ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ငယ်မြစ်ကူးတံတား (မန္တလေး) တည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ)ကို မတ် ၁၈ရက်က တွေ့ရစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

- ❀ မြင်းမူမောင်နိုင်မိုး၏ **"ပြည်သူထဲကတပ်မတော်"** (ကဗျာ) (စာမျက်နှာ–၃)
- ❀ လှထွဋ်ဦး၏ (ကာတွန်း) (စာမျက်နှာ–၃)
- ❀ ***"မြန်မာ့သမိုင်းကို ပြန်လှေလာကြည့်ရင် တိုင်းရင်းသားများ စည်းလုံးညီညွတ်ခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ နိုင်ငံ့အင်အား ခိုင်မာတောင့်တင်းခြင်း၊ စားရေရိက္ခာ ကုံလုံကြွယ်ဝခြင်း စတဲ့ နိုင်ငံတိုးတက်ဖြစ်ထွန်းမှုတွေကို ပေါ်ပေါက်စေတဲ့ အကြောင်းအရပ် အခြေအနေတွေထဲမှာ အဓိကကျတာကတော့ အင်အားတောင့်တင်းခိုင်မာတဲ့ တပ်မတော် တည်ရှိခဲ့တယ်ဆိုတာပါပဲ"***
  တက္ကသိုလ်မောင်သုလှိုင်၏ ***"တပ်မတော်အင်အားရှိ၍ တိုင်းပြည်အင်အားရှိခဲ့သည့် ရှေးခေတ်မြန်မာနိုင်ငံ"*** (ဆောင်းပါး) (စာမျက်နှာ–၈၊ ၉)

20-3)News.P65 14 1/2/32, 15:08